# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၇၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ စတင်လိုက်သည့် ထုတ်လုပ်မှုသည် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို များစွာပြောင်းလဲသွားစေနိုင်သည့်အတွက် မိမိတို့နိုင်ငံနှင့်ကိုက်ညီပြီး အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ရှိ မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကိစ္စရပ်များကို ကဏ္ဍအလိုက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

*စာမျက်နှာ ၃ ကော်လံ ၁* ❐




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။


**ယနေ့** *ဖတ်စရာ*



**ခိုင်မာအားကောင်းသော ခရီးသွားကိန်းဂဏန်းများဆီသို့**

ဆောင်းပါး | စာ ၁၀





**မိုးရာသီ ပုဂံရဲ့ နေဝင်ဆည်းဆာအလှ**

ရွှေနိုင်ငံမြင်ကွင်းကျယ် | စာ ၁၆

မြန်မာ့အလင်း

# တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရလေ့ရှိရာ ယင်းအခက်အခဲများကို စီးပွားရေးဆိုင်ရာ အခက်အခဲနှင့် စီးပွားရေးနှင့် တိုက်ရိုက်မသက်ဆိုင်သော အခက်အခဲများဟူ၍ သုတေသီပညာရှင်တို့က ခွဲခြားဖော်ပြကြသည်။ ထို့အပြင် ၎င်းတို့၏ လေ့လာတွေ့ရှိချက်များအရ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး မဖွံ့ဖြိုး၊ မတိုးတက်ရခြင်း အကြောင်းတရားများတွင် စီးပွားရေးဆိုင်ရာ အကြောင်းတရားများထက် စီးပွားရေးနှင့် တိုက်ရိုက်မသက်ဆိုင်သော အကြောင်းတရားများက ပို၍အရေးပါကြောင်း၊ ယင်းအခြေအနေမှာလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအဆင့်အတန်းနိမ့်ကျလေ ပို၍မှန်ကန်လေဖြစ်ကြောင်းဖြင့်လည်း ဆိုထားသည်။

စီးပွားရေးဆိုင်ရာ အခက်အခဲများဟုဆိုရာတွင် အရင်းအနှီးချို့တဲ့ခြင်း၊ သယံဇာတအရင်းအမြစ် ခေါင်းပါးခြင်း၊ နည်းပညာနှင့် အတတ်ပညာဆိုင်ရာ ချို့တဲ့ခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် လူလတ်တန်းစားစွန့်ထွင် ဦးစီးသူများ (middle class entrep–reneurs) နည်းပါးခြင်း၊ စိုက်ပျိုးမြေဧရိယာထက် လူဦးရေအချိုးအစားက အဆမတန် များပြားခြင်းတို့ ဖြစ်သည်ဟု ဆိုသည်။ စီးပွားရေးနှင့် တိုက်ရိုက်မသက်ဆိုင်သော အခက်အခဲများတွင် နိုင်ငံအတွင်းရှိ ရုပ်ဝတ္ထုနှင့် လူအင်အားအရင်းအမြစ်များကို ထိရောက်စွာအသုံးပြုနိုင်သည့် နည်းလမ်းများမရှိခြင်း၊ နိုင်ငံတော် ယန္တရားအသီးသီး၏ စီမံခန့်ခွဲမှုမကျွမ်းကျင်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် နိမ့်ကျခြင်း၊ လူမှုရေးနှင့် ပညာရေးဆိုင်ရာ အဆောက်အအုံများ မလုံလောက်ခြင်း၊ အမျိုးသားစုစည်းမှု (National Integration) အားနည်းခြင်း၊ ပြည်သူတို့၏ နိုင်ငံရေးပျိုးထောင်မှုအဆင့်အတန်း (Level of political culture) နိမ့်ကျခြင်း၊ လူမှုဆက်ဆံရေးအခြေအနေ တင်းမာခြင်းနှင့် နိုင်ငံရေးမတည်ငြိမ်ခြင်းတို့ ပါဝင်သည်ဟုဆိုသည်။ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာ အခက်အခဲများကို ဖြေရှင်းရန်လိုအပ်သကဲ့သို့ စီးပွားရေးနှင့် တိုက်ရိုက်မသက်ဆိုင်သည့် အခက်အခဲများကိုလည်း လျစ်လျူရှုမထားဘဲ ဖြေရှင်းရန်လိုအပ်သည်ဟု ပညာရှင်များက ပြောကြားသည်။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ပြီး အလားအလာကောင်းများ ပိုင်ဆိုင်ထားသလို အခက်အခဲနှင့် စိန်ခေါ်မှုများစွာလည်း ရှိနေသည်။ လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း ကိုဗစ်–၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့် နိုင်ငံရေး အပြောင်းအလဲများကြောင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုအပေါ် များစွာသက်ရောက်မှု ဖြစ်ပေါ်စေခဲ့သလို လက်ရှိကမ္ဘာ့စီးပွားရေးကျဆင်းမှုနှင့် ဆက်နွှယ်၍ ကမ္ဘာတစ်ခွင်၌ ဖြစ်ပေါ်လျက်ရှိသော အစားအစာနှင့် လောင်စာဆီဈေးနှုန်းမြင့်တက်မှုများကလည်း အဘက်ဘက်မှ အားနည်းချက်ရှိသည့် မိမိတို့နိုင်ငံအပေါ် ရိုက်ခတ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးမှာ ၂၀၂၁ ခုနှစ်တွင် အနုတ် ၁၇ ဒသမ ၉ အထိ ကျဆင်းသွားခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် အပေါင်း ၃ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိလာသလို ယခုနှစ် ၂၀၂၃ ခုနှစ်တွင် အပေါင်း ၃ ရာခိုင်နှုန်းတွင် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ပြည်ပအဖွဲ့အစည်းအချို့က ခန့်မှန်းထားကြသည်။ အရှေ့တောင်အာရှနိုင်ငံများအတွင်း ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်တို့ကို ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံများအဖြစ် သတ်မှတ်ထားရာ စိုက်ပျိုး၊ မွေးမြူ၊ ကုန်ထုတ်လုပ်မှုများ မြင့်တင်ပြီး ၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်က စီးပွားဖွံ့ဖြိုးမှု ၆ ဒသမ ၂ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယား ၅ ဒသမ ၅ ရာခိုင်နှုန်းတို့ဖြင့် အရှိန်အဟုန်ရရှိနေကြပြီး မြန်မာနှင့် လာအိုတို့မှာ ၃ ရာခိုင်နှုန်းကိုယ်စီဖြင့် ရပ်တည်နေကြသည်။

မိမိတို့နိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်မှာ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ဖြစ်သည်။ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူလူထုအတွင်း စည်းလုံးညီညွတ်မှု လိုအပ်သကဲ့သို့ အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်သည်။ ထို့အပြင် နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းခြင်းသည်လည်း အဓိကလိုအပ်ချက်ပင်ဖြစ်ရာ စည်းလုံးညီညွတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် တည်ငြိမ်အေးချမ်းခြင်းကို ဖော်ဆောင်ကာ နိုင်ငံ့စီးပွားနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်နိုင်ပါစေကြောင်း။ ။



## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် လယ်ဝေးမြို့နယ် အောင်မြင်ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြန်လည်ပြုပြင်မွမ်းမံပြီးသော ဓမ္မာရုံ၊ ဆွမ်းစားဆောင်၊ သိမ်ကျောင်းဆောင်နှင့် တစ်ပါးကျောင်းဆောင်နှစ်ဆောင် ရေစက်ချမင်္ဂလာအခမ်းအနား တက်ရောက်ကြည်ညို

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် အောင်မြင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ နေပြည်တော်တိုင်း စစ်ဌာနချုပ်က ပြန်လည်ပြုပြင် မွမ်းမံပြီးသော ဓမ္မာရုံ၊ ဆွမ်းစားဆောင်၊ သိမ်ကျောင်းဆောင်နှင့် တစ်ပါးကျောင်းဆောင်နှစ်ဆောင်ရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



အခမ်းအနားသို့ လယ်ဝေးမြို့နယ် သံဃနာယကအဖွဲ့ဝင် ဝင်တဲကူးကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပသန္နစာရ မထေရ်မြတ်အမှူးပြုသော ဆရာတော် သံဃာတော်များ တက်ရောက် ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့်ဇနီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဝင်တဲကူးကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်တို့က ချီးမြှင့်တော်မူသော အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဝင်တဲကူးကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရား နာကြားပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနား အပြီးတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

လယ်ဝေးမြို့နယ် အတွင်းရှိ တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာများတွင် မေ ၂၂ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းနှင့် ကျန်းမာရေးဌာန အဆောက်အအုံများ ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ကြောင်းနှင့် အောင်မြင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဓမ္မာရုံ၊ ဆွမ်းစားဆောင်၊ သိမ်ကျောင်းဆောင်နှင့် တစ်ပါးကျောင်းဆောင် နှစ်ဆောင်တို့အား ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ အသစ် တည်ဆောက်ခြင်းတို့ကို နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ တာဝန်ယူ၍ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀၀ ကျော် ကုန်ကျခံတည်ဆောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌသည် တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာများတွင် ကျေးရွာအတွင်း/အပြင် စိုက်ပျိုးနိုင်ရန်အတွက် မန်ကျည်းပျိုးပင်များနှင့် မျိုးစေ့များကို ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါ ကျေးရွာနှစ်ရွာတွင် ကျေးရွာသူ ကျေးရွာသားများ အနေဖြင့် မိမိတို့အား ထောက်ပံ့ပေးအပ်ခဲ့သည့် သစ်များ၊ သွပ်များကို အသုံးပြု၍ နေအိမ်များကို ပြန်လည်တည်ဆောက် နေထိုင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီးမှ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီးမှ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့



မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပုသိမ်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “မြန်မာ့ကျောင်း” သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်(ဝဲပုံ)၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိသော ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကျောင်းသား ကျောင်းသူများက “ဇာတိမာန်” သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကလေးမြို့၌ ပြည်သူများအား တန်ဖိုးသင့် အခြေခံစားသောက်ကုန်များ ရောင်းချ

**ကလေး ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ကလေးမြို့တွင် ပြည်သူများစားဝတ်နေရေး အဆင်ပြေစေရန်အတွက် တန်ဖိုးသင့် အခြေခံစားသောက်ကုန်များကို ယနေ့နံနက်ပိုင်းက တပ်ဦးသီတာ ရပ်ကွက် ကားကြီးဝင်းအနီး၌ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသည်။ **(ယာပုံ)**

အဆိုပါ အခြေခံစားသောက်ကုန်အဖြစ် ဆန်တစ်ပြည်၊ ဆီ ၁၀ ကျပ်သား၊ ကြက်ဥ လေးလုံး (အရင်းဈေး ၄၈၁၉ ကျပ်)ပါ အထုပ် တစ်ထုပ်လျှင် ငွေကျပ် ၃၈၀၀ နှုန်းဖြင့် အထုပ် ၃၀၀ ကို နံနက် ၇ နာရီခွဲမှစတင်၍ ရောင်းချပေးခဲ့ရာ ဈေးနှုန်းချိုသာသဖြင့် ဝယ်ယူသူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ တန်ဖိုးသင့် စားသောက်ကုန်များကို မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ပြီး ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၏ ကြီးကြပ်မှုဖြင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တိုင်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **မြန်မာ့အလင်း**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များကို ကဏ္ဍအလိုက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးစဉ်။

❐ *ရွှေဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်း၊ ဦးအောင်နိုင်ဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်ဝန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေး၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ရန် တွေ့ဆုံခြင်းဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရာတွင် လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရေးအတွက် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)အနေဖြင့် အဓိကအားဖြင့် ထုတ်လုပ်မှုအပိုင်း၊ ကုန်သွယ်မှုအပိုင်းနှင့် ဝန်ဆောင်မှုအပိုင်း စသည့်အပိုင်း သုံးပိုင်းဖြင့် ဆောင်ရွက်လျက်ရှိပြီး အဆိုပါအချက်များသည် နိုင်ငံ၏ GDP တွက်ချက်မှုတွင် ပါဝင်သည့်အပိုင်းများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါကဏ္ဍများ၌ စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် အခြားလုပ်ငန်းများစွာလည်း ပါဝင်ကြောင်း၊ ထို့ကြောင့် ယင်းကဏ္ဍများအားလုံးနှင့် ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်နှင့် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ သာယာဝပြောရေးဆိုသည်မှာ တိုင်းပြည်ငြိမ်းချမ်းမှုရှိရမည်၊ ပြည်သူများအေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်မှုရှိရမည်၊ ပညာသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ မြို့ပြများတွင်သာမက ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံးတွင် ထိုသို့ဖြစ်ရမည်ဖြစ်ကြောင်း။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်ချက်များအား တင်ပြဆွေးနွေးစဉ်။

## စားရေရိက္ခာဖူလုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှိပြီးဖြစ်သည့် အရင်းအမြစ်များနှင့် သယံဇာတများကို အကျိုးရှိစွာ အသုံးချနိုင်ရမည်

စားရေရိက္ခာဖူလုံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်နိုင်သည့် ရေမြေသယံဇာတများ ပေါများစွာရှိပြီး အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များလည်း ရှိပြီးဖြစ်ကြောင်း၊ သို့သော် စားရေရိက္ခာထုတ်လုပ်မှုနှင့်ပတ်သက်၍ ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ များပြားခြင်းများကြောင့် ရှိသင့်သည့် ကုန်ဈေးနှုန်းထက် ကြီးမြင့်နေသည်ကို တွေ့ရကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိခြင်းကြောင့် အခြေခံစားသောက်ကုန်များ ဈေးနှုန်းကြီးမြင့်ရခြင်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် မြေသယံဇာတ၊ ရေသယံဇာတ အခြေခံကောင်းများရှိပြီးဖြစ်သည့် မိမိတို့နိုင်ငံအတွက် ထုတ်လုပ်မှုနည်းပါးခြင်းကြောင့် မဖြစ်သင့်ကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် မြေများလုံလောက်စွာရှိသော်လည်း စိုက်ပျိုးမွေးမြူထုတ်လုပ်မှုများ အားနည်းခြင်းကြောင့် အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရိက္ခာများဖူလုံသင့်သလောက် ဖူလုံခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ယခုနှစ်အတွင်း မိုးစပါးစိုက်ဧက ၁၄ ဒသမ ၉ သန်း ရှိပြီး ၆ သန်းကျော်သာ သီးထပ်စိုက်ပျိုးကြောင်း၊ မိုးစပါးစိုက်ပျိုးပြီးသည့်အချိန်တွင် ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာနှင့် အခြားသီးနှံများကို စိုက်ပျိုးကြပြီး ကျန်ရှိသည့် ၇ သန်းကျော်တွင် သီးထပ်များစိုက်ပျိုးခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါစိုက်ပျိုးခြင်း မရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေခံရေသယံဇာတများ လုံလောက်စွာရှိသော်လည်း စိုက်ပျိုးရေးရှိအောင် ဆောင်ရွက်ခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေများရရှိရေး ကြိုးပမ်းဆောင်ရွက်ပြီး မြေကိုအကျိုးရှိစွာ အသုံးချနိုင်မည်ဆိုပါက စားရေရိက္ခာများ ဖူလုံပြည့်ဝလာမည်ဖြစ်ကြောင်း၊ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင်ပြီး ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများအပေါ် မူတည်၍ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်ရရှိလာမည်ဖြစ်ကာ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်လာမည်ဖြစ်**ကြောင်း။

နိုင်ငံတော်တွင်ရှိသည့် မြေပေါ်မြေအောက် သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် မြေအောက်သယံဇာတပစ္စည်းများသည် ထုတ်ယူသုံးစွဲပြီး ကုန်ဆုံးသွားပါက ပြန်လည်ဖြည့်တင်း၍ ရနိုင်မည်မဟုတ်ကြောင်း၊ သတ္တုပစ္စည်းများကို ထိုက်သင့်သလောက်သာ ထုတ်လုပ်ခွင့်ပြုထားကြောင်း၊ တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ရာတွင် ကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်ခြင်းထက် ကုန်ချောပစ္စည်းများအဖြစ် ထုတ်လုပ်ခြင်းကို ဆောင်ရွက်ရန်လိုကြောင်း၊ မြေအောက်သယံဇာတများသည် ချက်ချင်းပြန်လည်ရရှိခြင်းမရှိဘဲ နှစ်ပေါင်းများစွာစုဆောင်းရခြင်းဖြစ်ကြောင်း၊ မြေပေါ်သယံဇာတများသည် လူများက ပြန်လည်ဖြည့်ဆည်း၍ရကြောင်း၊ ဥပမာအားဖြင့် သစ်တောများ ထုတ်ယူပြီးပါက ပြန်လည်စိုက်ပျိုးဖြည့်တင်းဆောင်ရွက်နိုင်ကြောင်း၊ သစ်တောစိုက်ပျိုးရန် ခွင့်ပြုထားသည့် အချို့မြေနေရာများ၌ သစ်ပင်သစ်တောများကို မှန်ကန်စွာ စိုက်ပျိုးထုတ်လုပ်ခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ ယခင်က ခွင့်ပြုခဲ့သည့် အဆိုပါ စိုက်ပျိုးမြေများပေါ်တွင် အမှန်တကယ်စိုက်ပျိုးခဲ့မည်ဆိုပါက ယခုအချိန်တွင် သစ်ထုတ်လုပ်မှုများ ဆောင်ရွက်၍ ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

## ပြည်တွင်းစားသုံးဆီဖူလုံရေး ကြိုးပမ်းဆောင်ရွက်

စက်မှုလက်မှုလုပ်ငန်းများတွင် MSME လုပ်ငန်းများလည်း ပါဝင်ကြောင်း၊ MSME လုပ်ငန်းများ

*စာမျက်နှာ ၄ သို့*

❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင်ပြီး ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများအပေါ် မူတည်၍ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်ရရှိလာမည်ဖြစ်ကာ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်လာမည်**

## ■ အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ဆောင်သူများက ကုန်ကြမ်းများ ထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များ ဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်းဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန်မှီခိုနေရခြင်းကြောင့် အပြန်အလှန်အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းပြောကြားလို

*စာမျက်နှာ ၃ မှ*

ဆောင်ရွက်ရာတွင် ပြည်တွင်း၌ရရှိရန် သေချာသည့် ကုန်ကြမ်းပစ္စည်းများဖြင့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အသေချာဆုံးကုန်ကြမ်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို ထုတ်လုပ်လျက်ရှိပြီး ဆန်စက်၊ ဆီစက်များသည် စက်မှုလုပ်ငန်းများတွင် အကျုံးဝင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများထွက်ရှိသဖြင့် ဆီစက်လုပ်ငန်းများကို လည်ပတ်နိုင်ကြောင်း၊ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ ပဲပုပ် စသည့်ဆီထွက်သီးနှံများ၏ လက်ရှိအထွက်နှုန်းအတိုင်း ဆီထုတ်လုပ်မည်ဆိုပါက စားသုံးဆီဖူလုံမှု ၁၂၆ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း၊ အဆိုပါဆီထွက်သီးနှံများကို အသုံးပြုရာတွင် မြေပဲ၊ နှမ်းများမှာ ရိုးရာနည်းဖြင့် စားသုံးခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းနှင့် ဆီထုတ်လုပ်ခြင်းများ ဆောင်ရွက်ကြကြောင်း၊ ရိုးရာစားသုံးမှုနှင့် ပြည်ပသို့တင်ပို့ခြင်းများကြောင့် ထွက်ရှိသည့် မြေပဲနှင့်နှမ်းများ၏ ရာခိုင်နှုန်းထက်ဝက်ခန့် လျော့နည်းသွားသဖြင့် ပြည်တွင်းဆီဖူလုံမှုကို လျော့နည်းသွားစေကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများကို ပြည်ပသို့တင်ပို့ခြင်းထက် ဆီထုတ်လုပ်ခြင်း၊ ရိုးရာနည်းဖြင့် စားသုံးမှုများကို ထိန်းသိမ်းခြင်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

ပြည်တွင်းစားသုံးဆီဖူလုံမှုကို ဖြေရှင်းနိုင်ရန်အတွက် မြေပဲ၊ နှမ်း၊ နေကြာ စသည့်ဆီထွက်သီးနှံများကို ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အထွက်ကောင်းမျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်း တိုးတက်စေရန်အတွက် မျိုးကောင်းမျိုးသန့်များရရှိရန်သာမက ထိုက်သင့်သည့် မြေဩဇာများ ထည့်သွင်းခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်စွာ စနစ်တကျစိုက်ပျိုးနိုင်ရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး သုတေသနပြု ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံစိုက်ပျိုးမှုမှာ (စားအုန်းဆီမပါ) စိုက်ဧက ၈ သိန်းရှိပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏စားသုံးဆီဖူလုံမှုမှာ ၂၄၉ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဖြစ်သဖြင့် ပြည်ပမှ ဆီတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းထုတ်လုပ်မှုများကို မြှင့်တင်နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးမှာ များစွာတိုးတက်ပြောင်းလဲသွားနိုင်ကြောင်း။

**ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့်နှမ်းများကို ပြည်ပသို့တင်ပို့ခြင်းထက် ပြည်တွင်း၌ ဆီထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ဆီစက်များ လည်ပတ်ရခြင်း၊ တိရစ္ဆာန်အစာအတွက် လိုအပ်သည့် နှမ်းဖတ်၊ ပဲဖတ်များ ရရှိခြင်း၊ အလုပ်အကိုင်များရရှိခြင်းများဖြစ်ပေါ်ပြီး ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူပြုစေမည်ဖြစ်**ကြောင်း၊ အလားတူ အခြားသယ်ယူပို့ဆောင်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း လည်ပတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ **စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ စတင်လိုက်သည့် ထုတ်လုပ်မှုသည် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို များစွာပြောင်းလဲသွားစေနိုင်သည့်အတွက် မိမိတို့နိုင်ငံနှင့်ကိုက်ညီပြီး အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလို**ကြောင်း၊ ပြည်ပသို့ လယ်ယာထွက်ကုန်များ တင်ပို့ခြင်းနှင့် ပတ်သက်၍ စနစ်တကျဖြင့် စဉ်းစားသုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းနိုင်သည့်အခြေအနေများကို စဉ်းစားသုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း၊ ယနေ့ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကတာဝန်အရှိဆုံး ပုဂ္ဂိုလ်များဖြစ်ကြပြီး ကဏ္ဍပေါင်းစုံမှ တင်ပြချက်များသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ဆောင်ရွက်ရန် စဉ်းစားဆောင်ရွက်နိုင်မည့်အဖြေများရရှိမည်ဟု မျှော်လင့်ပါကြောင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးအတွက် အလေးထားဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

### လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ကဏ္ဍအလိုက် လိုအပ်ချက်များအား တင်ပြဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းက လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသည့် စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ၂၀၂၂ ဒီဇင်ဘာလအတွင်း ပထမအကြိမ် တွေ့ဆုံခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ဆွေးနွေးချက်များအပေါ် လိုက်နာဆောင်ရွက်ခဲ့မှု၊ စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှုနှင့် ဝန်ကြီးဌာနများနှင့်လည်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မှု၊ နိုင်ငံတော်မှ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည် ဖြစ်သော်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များကဏ္ဍမှ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်လျက်ရှိနေခြင်းအပေါ် ဆွေးနွေးအဖြေရှာလျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှုများသည် ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့်အတွက် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကို ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်မှုနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဆိုင်ရာ မူဝါဒများအပါအဝင် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုသည့် နည်းပညာပိုင်းဆိုင်ရာနှင့် အရင်းအနှီးလိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်ပြီး စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ကိုယ်စား ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းကိုယ်စား ဦးထွန်းလွင်၊ ပြောင်းလုပ်ငန်းရှင်များအသင်းကိုယ်စား ဦးအေးချမ်းအောင်နှင့် ဦးဖြိုးကိုကိုနိုင်တို့က လည်းကောင်း၊ မွေးမြူရေးကဏ္ဍနှင့်ပတ်သက်၍ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ကိုယ်စား ဦးသိန်းမြင့်က လည်းကောင်း၊ ရေလုပ်ငန်းကဏ္ဍနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ကိုယ်စား ဦးငွေးမြင့်က လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ပတ်သက်၍ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများ အသင်းကိုယ်စား ဦးအေးထွန်း၊ CMP လုပ်ငန်းများကိုယ်စား ဒေါ်ခိုင်ခိုင်နွယ်၊ မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်းကိုယ်စား ဦးထွန်းဝင်း၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ကိုယ်စား ဦးအောင်ရွှေ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းကိုယ်စား ဦးဆန်းလင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းကိုယ်စား ဦးခင်စိုးတို့က လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းကိုယ်စား ဦးရှိန်ဝင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကိုယ်စား ဦးရန်ဝင်းနှင့် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းကိုယ်စား ဒေါ်သစ်သစ်ထက်တို့က လည်းကောင်း၊ အထောက်အကူပြုနှင့် အခြားကဏ္ဍများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း ကိုယ်စား ဦးခင်စိုး၊ မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းရှင်များအသင်းကိုယ်စား ဒေါ်ခင်စောဦး၊ မန္တလေးကုန်သည် စက်မှုအသင်းကိုယ်စား ဦးဝင်းငွေး၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းကိုယ်စား ဦးမြင့်ဟန်၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းကိုယ်စား ဦးခင်မောင်တင့်တို့က လည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှုများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာလျှင် မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာ ကုန်ကြမ်းများသည်လည်း ဈေးနှုန်းသက်သာစွာ ရရှိနိုင်မည်ဖြစ်သဖြင့် လုပ်ငန်းအချင်းချင်း ချိတ်ဆက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများတွင် ပြည်တွင်းဖူလုံရေးကို ဦးစွာဆောင်ရွက်လျက်ရှိပြီး ပြည်ပသို့ ကုန်ချောတင်ပို့မှုများအစား ကုန်ချောထုတ်လုပ်၍ တန်ဖိုးမြင့်ထုတ်ကုန်များ တင်ပို့နိုင်ရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှုများ ပပျောက်ရေးအတွက် ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ရန်လိုအပ်မှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရင်းအနှီးများ၊ နည်းပညာများနှင့် မူဝါဒပိုင်းဆိုင်ရာတို့တွင် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုမှု၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်နှင့် စက်မှုကုန်ထုတ်ပစ္စည်းများ ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေးနှင့် ဈေးကောင်းရရှိရေး ဆောင်ရွက်ပေးစေလိုမှု၊ အခြားစီးပွားရေးလုပ်ငန်းများဖြစ်သည့် ဝန်ဆောင်မှုကဏ္ဍ၌ ခရီးသွားလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း၊ ဘဏ်လုပ်ငန်းတို့နှင့် ပတ်သက်၍ လိုအပ်ချက်များကို အသီးသီးတင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များပြန်လည်ဆွေးနွေးပြောကြားသည်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးအောင်နိုင်ဦးတို့က နိုင်ငံတော်အနေဖြင့် အခက်အခဲများ၊ ကန့်သတ်ချက်များကြားမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေများကို ခေါင်းစဉ်အမျိုးမျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိသဖြင့် လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ချေးယူထားသည့် ငွေကြေးများကို မှန်မှန်ကန်ကန်အသုံးချရန်နှင့် အချိန်မီပြန်လည်ပေးဆပ်သွားရန်လိုအပ်မှု၊ ထိုကဲ့သို့ကဏ္ဍအလိုက် ချေးငွေများကို ပြန်လည်ပေးဆပ်မှသာလျှင် နိုင်ငံတော်၏ လည်ပတ်ရင်းနှီးငွေများသည် ပုံမှန်လည်ပတ်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်မှု၊ ပြည်ပသွင်းကုန်များနှင့် ပတ်သက်၍ နိုင်ငံတော်မှ ချမှတ်ပေးထားသည့်မူဝါဒများ၊ ခွင့်ပြုချက်များရယူပြီးမှ တင်သွင်းမည်ဆိုပါက ပိုမိုလွယ်ကူချောမွေ့မည်ဖြစ်သဖြင့် လိုက်နာဆောင်ရွက်သွားရန်လိုအပ်မှု၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ပို့ကုန်တိုးမြှင့်ရေး ဆောင်ရွက်လျက်ရှိပြီး ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဈေးနှုန်းများ တည်ငြိမ်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်လျက်ရှိသဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်မှု၊ ကုန်စည်စီးဆင်းမှုများနှင့် ငွေကြေးလည်ပတ်မှုများ မြန်ဆန်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေးပြောကြားကြသည်။

### နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးကို အစိုးရမှ ဆောင်ရွက်လျက်ရှိသကဲ့သို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများကလည်း အတူတကွ ဝိုင်းဝန်းကြိုးပမ်းရန်လို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ ပြောကြားရာတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) သည် အဓိကအားဖြင့် ရောင်းဝယ်မှုများ ဆောင်ရွက်သည့်အဖွဲ့ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများရှိမှသာလျှင် ရောင်းဝယ်မှုများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ရောင်းချရာတွင် အရေအတွက်များများရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် ထိုက်သင့်သည့်အမြတ်ဖြင့်သာ ရောင်းချရန်လိုအပ်သကဲ့သို့ နိုင်ငံ့အကျိုးအတွက်လည်းကြည့်၍ ချိန်ဆဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံသည် ကုန်ပစ္စည်းထုတ်လုပ်မှုမရှိဘဲ ပြည်ပမှ တင်သွင်းသည့် ထုတ်ကုန်ပစ္စည်းများကိုသာ အားထားအသုံးပြုနေရသည့် နိုင်ငံဖြစ်သဖြင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ယခင်တပ်မတော်အစိုးရ လက်ထက်တွင် ပြည်ပမှ ချေးငွေများရှိခဲ့ခြင်း မရှိကြောင်း၊ ဒီမိုကရေစီအစိုးရ သက်တမ်းကာလ နှစ်ခုတွင် နိုင်ငံတကာမှ ထောက်ပံ့ငွေ၊ ကူညီငွေများနှင့် ချေးငွေများ ရရှိခဲ့ကြောင်း၊ အဆိုပါငွေများဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားပေးဆောင်ရွက်ပြီး နိုင်ငံခြားငွေရရှိအောင် ဆောင်ရွက်ခြင်းထက် Non-Trade လုပ်ငန်းများမှရရှိသည့် နိုင်ငံခြားငွေများကို သုံးစွဲ၍ ပြည်ပမှ သွင်းကုန်များ တင်သွင်းသုံးစွဲခြင်းက ပိုမိုများပြားခဲ့သည်ကို တွေ့ရှိရကြောင်း။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ထို့ကြောင့် မိမိတို့ တာဝန်ယူရသည့်အချိန်တွင် ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရေးအတွက် ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်နိုင်ရေး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်းလိုအပ်ချက်များကို ပြည့်မီအောင် ထုတ်လုပ်ပြီး ပိုလျှံလာပါက ပြည်ပသို့တင်ပို့နိုင်သည်အထိပါ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ (UMFCCI) အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ဝိုင်းဝန်းဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ **(UMFCCI)သည် ရောင်းဝယ်ရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ကြသူများဖြစ်ကြပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်အဖွဲ့များဖြစ်သောကြောင့် မိမိအနေဖြင့် အချိန်ယူတွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်**ကြောင်း၊ ယခု တွေ့ဆုံဆွေးနွေးမှုများကို ပြန်လည်သုံးသပ်၍ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အစိုးရပိုင်းအနေဖြင့်လည်း ဆောင်ရွက်၍ ရသည်များကို တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်ကောင်းအောင် ဆောင်ရွက်နေခြင်းပင်ဖြစ်ပြီး နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသကဲ့သို့ သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ဆောင်သူများက ကုန်ကြမ်းများ ထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များ ဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်း ဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် မှီခိုနေရခြင်းကြောင့် အပြန်အလှန်အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းပြောကြားလို**ကြောင်း။

ယခုတွေ့ဆုံပွဲတွင် ဆွေးနွေးတင်ပြခဲ့သည့်အချက်များကို အလေးထားမှတ်သားထားရှိပြီး ပြန်လည်သုံးသပ်၍ နှစ်ဦးနှစ်ဖက် အဆင်ပြေနိုင်သည့် လုပ်ဆောင်ချက်များ ဆောင်ရွက်နိုင်သည့် အခြေအနေသို့ ရောက်ရှိနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ (UMFCCI)မှ ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့ တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးနိုင်ခဲ့ပြီး အချိန်ပေး၍ ဆွေးနွေးခဲ့မှုများ၊ အမြင်ချင်းဖလှယ်ခဲ့မှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့ပြီး တွေ့ဆုံပွဲကို ညနေ ၃ နာရီခွဲခန့်တွင် ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စီးပွားရေးသတင်းများ

# စစ်ကိုင်းတိုင်းဒေသကြီး၌ ဖြစ်ပေါ်နေသော စပါး / ဆန်ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်ပို့ဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့် ရေဦးခရိုင်များမှ ရွှေဘို၊ ရေဦး၊ ကသာနှင့် ကန့်ဘလူခရိုင်တို့တွင် စပါး/ ဆန်ဈေးအနည်းငယ်တက်နေပြီး ကျန်ခရိုင်များတွင် ဈေးအေးနေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇွန်လစတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော စပါး/ ဆန်ဈေးနှုန်းများမှာ ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၉၀၀၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၉၆၀၀၀၊ ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ်၂၄၀၀၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၉၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရေဦးခရိုင်တွင် ပေါ်ဆန်း(စပါး)တင်း ၁၀၀ လျှင် ကျပ်၂၉၀၀၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ရောမင်း (စပါး)တင်း ၁၀၀ လျှင် ၂၄၀၀၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၉၃၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင်၌ ညော့်မထ(စပါး) တင်း ၁၀၀ လျှင် ကျပ်၁၉၀၀၀၀၀၊ ညော့်မထ(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၂၀၀၀၊ ငစိန်(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ ငစိန်(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀၊ ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကသာခရိုင် အင်းတော်မြို့နယ်မှ မော်ဘီ (၂) (စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၇၀၀၀၀၀၊ မော်ဘီ(၂) ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင်ကျပ် ၇၀၀၀၀၊ဆင်းကေရီ(၃) (စပါး)တင်း ၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀၊ ဆင်းကေရီ-၃ ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀၊ ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင်၌ ရောမင်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၄၀၀၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၈၀၀၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ မနောသုခ(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ မနောသုခ(ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကန့်ဘလူခရိုင်၌ ရောမင်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၂၀၀၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၂၀၀၀၊ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၈၀၀၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၉၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ဇွန်လ တတိယပတ်တွင်ရန်ကုန်သို့ အိတ်ရေ ၂၁၀၀၀၊ မန္တလေးသို့အိတ်ရေ၂၇၃၇၀၊မကွေးသို့အိတ်ရေ ၃၀၊ နေပြည်တော်သို့ အိတ်ရေ ၇၅၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၅၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၆၀၀၀၊ ကချင်သို့ အိတ်ရေ ၁၅၀၀ စုစုပေါင်း အိတ်ရေ ၆၈၉၀၀၊ တန်အားဖြင့် ၃၄၄၅ စီးထွက်ခဲ့ပြီး ယခု ဇွန်လစတုတ္ထပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၂၂၅၀၊ မန္တလေးသို့ အိတ်ရေ ၂၆၀၇၀၊ မကွေးသို့ အိတ်ရေ ၃၀၊ နေပြည်တော်သို့ အိတ်ရေ ၇၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ၅၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၅၀၀၀၊ ကချင်သို့ အိတ်ရေ ၁၅၀၀ စုစုပေါင်း အိတ်ရေ ၅၆၈၅၀၊ တန်အားဖြင့် ၂၈၄၂ ဒသမ ၅ တန် စီးထွက်ခဲ့သည်။

**DOCA (စစ်ကိုင်း)**



# ဝမ်းတွင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ဝမ်းတွင်း ဇူလိုင် ၂

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က တောင်ကိုးလုံး အဆိုပြုကာကွယ်တောတွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်း၊ အဖွဲ့ဝင် (၁)ဗိုလ်မှူးသက်နိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်နှင်းမွန်မွန်ဝင်း၊ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အုန်းတို့က သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပျိုးပင်များပေးအပ်ပြီး **(အပေါ်ပုံ)** ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ပျိုးပင်ပေါင်း ၂၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်ဆက်)**

# ရွှေဘိုခရိုင်ရှိ မြို့နယ်များ၌ နွေစပါးများ စတင်ရိတ်သိမ်း

ရွှေဘိုခရိုင်အနေဖြင့် ဆည်ရေရရှိသည့်အပေါ်မူတည်၍ နွေစပါးနှင့် နွေသီးနှံများ နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နွေစပါးစိုက်ပျိုးသည့် မြို့နယ်များဖြစ်သော ရွှေဘိုမြို့နယ်၌ ၅၂၅၄၅ ဧက၊ ဝက်လက်မြို့နယ်၌ ၇၇၅၁ ဧက၊ ခင်ဦးမြို့နယ်၌ ၂၀၇၅၂ ဧက နွေစပါးစိုက်ဧက စုစုပေါင်း ၈၁၀၄၈ ဧက စိုက်ပျိုးခဲ့ကြောင်း၊ နွေစပါးစိုက်ပျိုးရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနက ဖေဖော်ဝါရီလဆန်းမှစ၍ ဆည်ရေများ စတင်ပေးဝေခဲ့ရာ ဖေဖော်ဝါရီလကုန်နှင့် မတ်လဆန်းများတွင် ပျိုးထောင်ကာ မတ်လလယ်မှစတင်ပြီး နွေစပါးများ စတင်စိုက်ပျိုးခဲ့ကြောင်း၊ ဇွန်လလယ်ခန့်မှစ၍ နွေစပါးများ စတင်ရိတ်သိမ်းကြပြီး တစ်ဧကအထွက်နှုန်းမှာ တင်း ၉၀ ကျော်ခန့်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဇွန်လ တတိယပတ်တွင် ရွှေဘိုဈေးကွက်သို့ နွေစပါးများ စတင်ဝင်ရောက်လာပြီး ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများမှာ (747) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၆ သိန်း၊ ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၂၀၀၀၊ (72) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၆ သိန်းနှင့် ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၃၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ယခုအပတ်တွင် ဆန်စပါး အရောင်းအဝယ်အေးနေကြောင်း၊ တောင်သူများအနေဖြင့် သွင်းအားစု ဈေးနှုန်းနှင့် လုပ်သားခဈေးနှုန်းများ မြင့်တက်မှုကြောင့် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များပြားသော်လည်း စပါးအထွက်နှုန်းသာမက စပါးဈေးနှုန်းပါ ကောင်းမွန်သည့်အတွက် သင့်တင့်လျောက်ပတ်သော အကျိုးအမြတ်ရရှိကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း



မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇွန် ၃၀ ရက်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ သာစည်မြို့နယ် အခြေခံသမဝါယမအသင်း ငါးသင်းရှိ အသင်းသားတောင်သူ ၂၅၉ ဦးအတွက် မိုးစပါးစိုက်ပျိုးလုပ်ကိုင်နိုင်ရန် ချေးငွေကျပ်သိန်း ၁၄၄၆ ကို မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်ထွန်းထံသို့ လက်ရောက်ပေးအပ်စဉ်။ မောင်ကျော်ကြီး

# မင်းလှမြို့နယ်၌ မိုးစပါး ၆၁၄၂၁ ဧက စိုက်ပျိုးပြီးစီး

မင်းလှ ဇူလိုင် ၂

မင်းလှမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးခြင်း လျာထားဧက ၇၆၁၄၁ ဧကရှိရာ ယနေ့အထိ ၆၁၄၂၁ ဧက စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

မိုးစပါးကို ကြဲခင်း ၂၇၂၈၂ ဧက၊အစိုကြဲခင်း ၂၀၃၁၇ ဧက၊ အခြောက်ကြဲခင်း ၆၉၆၅ ဧက၊ Seeder ၂၈၄၆၈ ဧက၊ ပျိုးထောင်စိုက် ၅၆၇၁ ဧက၊ ပေါင်းပျိုးဧက ၃၀၊ ရိုးရိုးပျိုး ၅၆၁၁ ဧက၊ SRI ဧက၂၀၊ ကောက်စိုက်စက် ၁၀ ဧက စုစုပေါင်း ၆၁၄၂၁ ဧကကို စိုက်စနစ်များအလိုက် စိုက်ပျိုးပြီးစီးခဲ့သည်။ မိုးစပါးကို ဇွန်လဆန်းပိုင်းမှ စတင်စိုက်ပျိုးကြရာ လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံစိုက်ပျိုးရေးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့ချကိရိယာဖြင့် ကူညီပေးခြင်းနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပေးလျက်ရှိကြောင်း သိရသည်။ **ပေါက်စ (မင်းလှ)**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂

**၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်နေကြသည့် အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။**



အခမ်းအနားတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ၂၀၂၂- ၂၀၂၃ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရှင် သုံးဦး အပါအဝင် ဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၆၂ ဦးတို့ကို “ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်း” ဆိုသည့် မင်္ဂလာတရားတော်နှင့်အညီ ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် “ယနေ့လူငယ် နောင်ဝယ်လူကြီး” ဆိုရိုးစကားအတိုင်း နိုင်ငံ့တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကြမည့်သူများဖြစ်ရာ ပညာထူးချွန်သော လူတော်လူကောင်းများ ဖြစ်လာစေရေး၊ ဘက်စုံထူးချွန်သူများ ဖြစ်လာစေရေး အစဉ်ကြိုးပမ်းသွားကြရန်၊ ကျောင်းသားကျောင်းသူများအနေဖြင့် အဆင့်အတန်းမြင့်မားသည့် ပညာရပ်များကို ကြိုးစားသင်ယူပြီး မိမိအကျိုး၊ မိသားစုအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးနိုင်သည့် ထူးချွန်ထက်မြက်သည့် လူငယ်များ ဖြစ်လာကြစေရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ၁၆၂ ဦးကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေကြသည့် ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူ ၁၅၈၇၁ ဦးကိုကျောင်းသုံးစာရေး ကိရိယာများ ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့်ဝန်ကြီးဌာနမှအားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်း ၁၀ ဦးက အားကစားနည်း ခုနစ်မျိုးတွင် နိုင်ငံ့လက်ရွေးစင် အားကစားသမားများအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခုနှင့် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု ရယူပေးနိုင်ခဲ့သည့်အတွက် ဝန်ကြီးဌာနအနေဖြင့် ဂုဏ်ယူ မှတ်တမ်းတင်ပါကြောင်း၊ ဆုတံဆိပ်များ ရရှိခဲ့သည့်နိုင်ငံ့ကိုယ်စားပြုအားကစားသမားများကို နိုင်ငံတော်အကြီးအကဲကလည်း ခမ်းနားကြီးကျယ်သည့် ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ၍ ဆုတံဆိပ်အလိုက် ထိုက်တန်သည့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကို ထပ်ဆင့်ဂုဏ်ပြု ချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ အားကစားပြိုင်ပွဲများတွင် အနိုင်ရရှိခဲ့ပြီး နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ခဲ့ကြသဖြင့် ဂုဏ်ယူဝမ်းမြောက် မှတ်တမ်းတင်ပါကြောင်း၊ အားကစားသမားများအနေဖြင့် အနာဂတ်တွင်လည်း ပိုမိုအရည်အသွေး ပြည့်ဝလာစေရန်၊ ရရှိခဲ့သည့် အတွေ့အကြုံကောင်းများကို အခြေခံ၍ စံချိန်ကောင်းများ ပိုမိုကောင်းမွန်အောင် ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး ဆုရအားကစားသမားများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ချီးမြှင့်ပေးအပ်သည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြင့် ခုနစ်ထပ်ဆောင် အဆောက်အအုံဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး အဆင့်မြင့် ခုနစ်ထပ်ဆောင် အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် မြန်မာတစ်နိုင်ငံလုံးက ပြည်သူများ အားကိုးအားထားရသည့် ဆေးရုံကြီးဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဆောက်လုပ်လျက်ရှိသည့် အဆင့်မြင့် ခုနစ်ထပ်ဆောင်ကို အရည်အသွေးအကောင်းဆုံးဖြစ်အောင် ဆောက်လုပ်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများအားလုံးကို စံကိုက်အရည်အသွေးပြည့်မီအောင် တာဝန်ရှိသူ အဆင့်ဆင့်က ကြီးကြပ်သွားရန်လိုကြောင်း၊ သို့မှသာ ပြည်သူလူထုအနေဖြင့် စိတ်အေးချမ်းသာစွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်မည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများကလည်း အရည်အသွေး ပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှု (Quality health care) ပေးနိုင်မည်ဖြစ်ကြောင်း။

ယခု ဆောက်လုပ်လျက်ရှိသည့် ခုနစ်ထပ်ဆောင်တွင် ပုံမှန်ဆေးကုသဆောင်များအပြင် သွေးနှင့် သွေးကင်ဆာရောဂါလူနာများ ဆေးကုသမှု ခံယူနိုင်ရန်အတွက် သွေးနှင့် သွေးကင်ဆာ ရောဂါကုသဆောင်၊ ရိုးတွင်းချဉ်ဆီ အစားထိုးကုသဆောင်ကို ထည့်သွင်းစီစဉ်သွားမည်ဖြစ်ကြောင်း၊ သင်ကြားရေးဆေးရုံဖြစ်သည့်အတွက် စာသင်ခန်းများကိုလည်း အရည်အသွေး ပြည့်မီအောင် ဆောက်လုပ်သွားရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများအနေဖြင့် အဆောက်အအုံ အထူးအဖွဲ့မှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အကြံဉာဏ်ပေးစေလိုကြောင်း၊ အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်း မြန်မြန်ပြီးစီးပါက ပြည်သူများအတွက် မြန်မြန်အကျိုးရှိမည်ဖြစ်သည့်အတွက် သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးအောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့ (၁) မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) က ဘဏ္ဍာနှစ်အလိုက် အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် မြို့ပြလုပ်ငန်းများဖြစ်သော ရေသန့်လုပ်ငန်းများ၊ လျှပ်စစ်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများက လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (ဝဲပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြင့် ခုနစ်ထပ်ဆောင် အဆောက်အအုံ ဘေးအန္တရာယ်စိတ်ချမှုရှိစေရေး၊ မီးဘေးလုံခြုံမှုရှိစေရေး၊ လူနာများဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဝယ်ယူထားသည့် ဆောက်လုပ်ရေး ပစ္စည်းများ၏ အရည်အသွေးပိုင်းဆိုင်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြင့် ခုနစ်ထပ်ဆောင်ကို နိုင်ငံတော်အစိုးရမှ ငွေကျပ် ၂၁ ဒသမ ၈၉၇ ဘီလီယံ အကုန်အကျခံ ဆောက်လုပ်ပေးလျက်ရှိကာ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၀၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဇူလိုင် ၃ ရက်မှ ဇူလိုင် ၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၀၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန ဆေးခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင် အလှူငွေ၊ ဆေးခန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၂

**ပြည်ထဲရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ ကျန်းမာရေးအထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန ဆေးခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင် အလှူငွေ၊ ဆေးခန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၌ ကျင်းပသည်။**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း က ပြည်ထောင်စု ဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ မိမိအစီအစဉ်ဖြင့် ဆေးခန်းငယ်များ ဖွင့်လှစ်ထားရှိပြီး သာမန်ရောဂါများကိုသာ ကုသဆောင်ရွက်ပေးနိုင်ကြောင်း၊ အများစုသည် ပြင်ပဆေးရုံ/ ဆေးခန်းများတွင်သာ သွားရောက်ပြသ ကုသမှုခံယူရသဖြင့် တပ်ဖွဲ့ဝင်/ ဝန်ထမ်းမိသားစုများအနေဖြင့် ငွေကုန်ကြေးကျများကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများနှင့် မိသားစုဝင်များကို ငွေကြေးကုန်ကျမှု သက်သက်သာသာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်စွာပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ ဆေးခန်းဖွင့်လှစ်နိုင်သည့်အတွက် ရောဂါဖြစ်သူများကို စောစီးစွာစောင့်ရှောက်ကုသမှုပေးနိုင်မည်ဖြစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာဆေးရုံများသို့ အချိန်နှင့် တစ်ပြေးညီ ဆက်လက်လွှဲပြောင်းကုသဆောင်ရွက်ပေး နိုင်မည်ဖြစ်သည့်အတွက် တပ်ဖွဲ့ဝင်များ/ ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် များစွာ အဆင်ပြေ ချောမွေ့စေမည်ဖြစ်ကြောင်း။

အထွေထွေ ရောဂါများကို ထိရောက်စွာ ကုသပေးနိုင်ရန်အတွက် ဆရာဝန် ခြောက်ဦး၊ သူနာပြု လေးဦးတို့က တာဝန်ယူကုသ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးခန်းအတွက် ပရိဘောဂပစ္စည်းများ၊ ဆေးခန်းသုံး ကိရိယာများနှင့် လိုအပ်သောဆေးဝါးများကိုလည်း ပြည့်စုံစွာ ဖြည့်ဆည်း ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ပြင် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုအတွက် ဆရာဝန်နှင့် သားဖွားဆရာမများ စီစဉ်ထားရှိ ပေးထားပြီဖြစ်၍ ကိုယ်ဝန်ဆောင် မိခင်လောင်းများအတွက် အဆင်ပြေချောမွေ့စွာ သက်သက်သာသာဖြင့် စောင့်ရှောက်ကုသ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆေးခန်းအတွက် လိုအပ်မည့် ဆေးဝါးများနှင့်ပတ်သက်၍လည်း စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေး ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံကြီးများနှင့် လည်း ချိတ်ဆက် ဆောင်ရွက်ပေးထားကြောင်း။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် ကုတင် (၅၀) ဆံ့ ရဲဆေးရုံဖွဲ့စည်းပုံကို ၂၀၁၈ ခုနှစ်တွင် ခွင့်ပြုထားပြီးဖြစ်သော်လည်း ဖွင့်လှစ်ဆောင်ရွက်နိုင်ခြင်းမရှိသေးသဖြင့် ယခုဖွင့်လှစ်ပေးသော ဆေးခန်းသည် ရဲဆေးရုံ ဖွင့်လှစ်နိုင်ရေးအတွက် ပထမခြေလှမ်း စတင်လိုက်ခြင်းဖြစ်ကြောင်း၊ ရဲဆေးရုံ ဖွင့်လှစ်နိုင်ရေးကို တာဝန်ရှိသူအသီးသီးက ဆက်လက်ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဆေးခန်းအတွက် ဆေးပဒေသာပင် အလှူငွေနှင့်ဆေးခန်းသုံးပစ္စည်းများကို အလှူရှင်များက လှူဒါန်းကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဆေးခန်းဖွင့်လှစ်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲရေးချုပ်ရုံးမှူးချုပ် ဝင်းထွန်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းနှင့် တာဝန်ရှိသူများသည် ဆေးခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ဆေးခန်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ကျွဲ၊ နွားများ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များ ပေးအပ်ပွဲအခမ်းအနား တက်ရောက်



**စစ်တွေ ဇူလိုင် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ကျွဲ၊ နွားများ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များ ပေးအပ်ခြင်း၊ ရေငန်ပုစွန်မွေးမြူရေး ဗဟိုသရုပ်ပြစခန်းနှင့် စစ်တွေမျိုးသန့်ခြံတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့နယ် ကျက်တောပြင်ကျေးရွာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် စိုက်ပျိုးရေး လုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် အထောက်အပံ့များ ကူညီဖြည့်ဆည်းပေးရန် နိုင်ငံတော်မှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် တစ်သီးစားမှနှစ်သီးစား စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာနှင့် မျိုးစေ့များကိုလည်း ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း၊ တောင်သူများ ဝင်ငွေတိုးတက်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်မှ မျိုးစပါးများ သယ်ယူဖြန့်ဖြူးပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ကူညီဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက တာဝန်ရှိသူများထံ ကျွဲ၊ နွားများအတွက် အားဆေးနှင့် ကုသဆေးဝါးများ၊ ဟင်းသီးဟင်းရွက် မျိုးစေ့များနှင့် အလှူငွေများ ပေးအပ်ပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကျွဲ၊ နွားများကို ကာကွယ်ဆေးထိုးနှံနေမှု **(အပေါ်ပုံ)** နှင့် စပါးခွံ၊ သစ်ရွက်ဆွေးနှင့် အီးအမ် အသုံးပြု၍ သဘာဝမြေဩဇာပြုလုပ်မှု လက်တွေ့သရုပ်ပြသနေမှုကို တောင်သူလယ်သမားများအား ရှင်းလင်းပြောကြား ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရေချမ်းပြင် ရေငန်ပုစွန်မွေးမြူရေး ဗဟိုသရုပ်ပြစခန်းသို့ ရောက်ရှိပြီး မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အဦများ အမြန်ဆုံး ပြန်လည်ပြင်ဆင် တည်ဆောက်ပြီး လုပ်ငန်းလည်ပတ်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေး၍ ရေငန်ပုစွန်သားပေါက်လုပ်ငန်းများ အမြန်ပြန်လည် လည်ပတ်နိုင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ စခန်းမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ရေငန်ပုစွန် သားပေါက်ကောင်ရေ ၃ ဒသမ ၂ သန်း မျိုးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အုန်းရည်ပေါ်ကျေးရွာရှိ တောင်သူ ဦးစောသိန်း၏ သဘာဝပုစွန်မွေးမြူရေးကန်သို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာန (မျိုးစေ့ဌာနခွဲ) စစ်တွေ မျိုးသန့်ခြံသို့ ရောက်ရှိပြီး မုန်တိုင်းဒဏ်ခံ ပျိုးပင်အဖြစ် ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးနိုင်ရန် အုန်းပင်ပျိုးပေါက် ၁၃၀၀၀ ပျိုးထောင်ထားရှိမှု၊ ဟင်းသီးဟင်းရွက် မျိုးစေ့ထုတ်လုပ်ရန် ပြင်ဆင်နေမှု၊ ပေါ်ဆန်းရင်၊ ဆင်းသွယ်လတ်နှင့် ဆင်းသုခမျိုးစပါးများ မျိုးစေ့ထုတ်ရန် ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ သီရိရတနာကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ပွန်ဇေတဝန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ အရှင်ဥတ္တမသာရစာသင်တိုက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မဟာဗောဓိကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ အောင်သီတာ စာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ နိဗ္ဗိန္ဒကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ချမ်းသာကြီးမြောက်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကံဦးဇေဝန်ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရွှေလီကျောင်းပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း တာဝန်ရှိသူများက သွားရောက်၍ ဆရာတော်၊ သံဃာတော်များအတွက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ ဆက်လက်ကျင်းပ





နေပြည်တော် ဇူလိုင် ၂

တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ ဟူသည့် ဦးတည်ချက်ဖြင့် ကျင်းပလျက် ရှိသည့် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပရာ ပြိုင်ပွဲအသင်းများ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန (က) အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန (က) အသင်းက ၄ ဂိုး - ၃ ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ညနေပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိနစ် ၉၀ အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေကျနေသဖြင့် ပယ်နယ်တီအဆုံးအဖြတ် ခံယူရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ၅ ဂိုး - ၄ ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ယနေ့ကျင်းပသည့် အကြိုဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် **(အငြိမ်းစား)**၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင် ပြည်သူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ တတိယနေရာလုပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ညနေပိုင်းတွင် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ပညာရေးဝန်ကြီးဌာန (က) အသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့ ပြည်ထောင်စုလမ်းအမှတ် ၂ နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်



မုံရွာ ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်ထောင်စု လမ်းအမှတ် ၂ နိုင်လွန်ကတ္တရာ လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၂ ရက်က မုံရွာမြို့ ဂေါက်ကလပ်၌ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ဂေါက်သီးရိုက်အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စမှတ်ဘောရိုက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့အပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁ ရက်က မုံရွာတက္ကသိုလ်၌ ကျင်းပသော ၂၀၂၃ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မုံရွာတက္ကသိုလ် ပါမောက္ခချုပ်ထံ တမာပျိုးပင်ကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့က တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများထံ ပျိုးပင်များ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တမာပျိုးပင်အား စိုက်ပျိုးပေးပြီး **(အပေါ်ပုံ)** တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက စုပေါင်းသစ်ပင် စိုက်ပျိုးပေးနေမှုများကို လိုက်လံ ကြည့်ရှုအားပေးသည်။

အဆိုပါ သစ်ပင် စိုက်ပျိုးပွဲတော်တွင် နှစ်ပေနှင့်အထက် နှစ်နှစ်သားအရွယ်ရှိ သစ်ပင်မျိုးပေါင်း ၁၂ မျိုး၊ စုစုပေါင်းပျိုးပင် ၇၀၀ အား စိုက်ပျိုးပေးကြသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## လားရှိုးမြို့၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်(အကြို) စာတမ်းဖတ်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ




လားရှိုး ဇူလိုင် ၂

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် (အကြို) စာတမ်းဖတ်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တွဲဖက်ပြည်နယ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းသန္တာဦးက ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်တင်တင်ချိုက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာတမ်းဖတ်ကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဝင် ဒေါ်ခင်သန်းနွဲ့ (မမ-လားရှိုး) က ပြိုင်ပွဲများတွင် ဆုရွေးချယ်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ မူလတန်းအဆင့်ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတို့တွင် ဆုရရှိသူများအား လားရှိုးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးမျိုးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၂

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



သန်လျင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးဝါးကုသမှုခံယူနေရသော လူနာများအသုံးပြုနိုင်ရန် ဇူလိုင် ၂ ရက်က သန်လျင်မြို့နေ ဦးစိုးမိုး + ဒေါ်ပွင့်သီရိဝေ (သမီး) ပိုးဥ (7 Star Hotel) မိသားစုက အောက်ဆီဂျင်အိုး ၅၁ လုံး ပေးအပ်လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးကော်မတီဝင် ဦးတင်ဝင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်နှင့် အထူးကုဆရာဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

သန်းဝင်း(သန်လျင်)

# မိုးရာသီကာလ ပြန်လည်စိုက်ပျိုးမည့် သစ်ပင် ၂၀၄၂၀၀ ကို အထူးတာဝန်တစ်ရပ်အနေဖြင့် ရှင်သန်အောင်စိုက်ပျိုးသွားရမည်

**စစ်တွေ ဇူလိုင် ၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ့သစ်လုပ်ငန်း အထွေထွေ မန်နေဂျာက ရခိုင်ပြည်နယ်သို့ သစ်များ ရောက်ရှိမှု၊ ခွဲစိတ်နေမှုနှင့် ဖြန့်ခွဲပေးနေမှု၊ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် သစ်ခွဲသားများ ဖြန့်ဖြူးပေးလျက်ရှိသည့်အခြေအနေနှင့် စစ်တွေမြို့ ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ ပြည်နယ်သစ်တော ဦးစီးဌာနမှူးက ရခိုင်ပြည်နယ်အတွင်းသစ်တောနှင့် ဒီရေတောများတည်ရှိမှု၊ ဖုံးလွှမ်းမှုနှင့် ပျက်စီးဆုံးရှုံးမှု၊ သစ်တောနယ်မြေနှင့် သဘာဝနယ်မြေများ ဖွဲ့စည်းထားရှိမှု၊ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများ ဖွဲ့စည်းမှု၊ အရိပ်ရလေကာပင်များနှင့် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှုနှင့် မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ပြည်နယ်ဦးစီးဌာနမှူးရုံး အဆောက်အဦများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုများကိုလည်းကောင်း၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးခဲ့သည့် သစ်ပင်များနေရာတွင် အစားထိုးစိုက်ပျိုးနိုင်ရေး လေ့လာဆန်းစစ်မှု၊ စိုက်ပျိုးမည့် သစ်ပင်များရွေးချယ်ခြင်းနှင့် စစ်တွေမြို့၌ သစ်ပင်များနှင့် ဒီရေတောများ ပြန်လည်စိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးထွန်းအုံက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။



ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မိုးရာသီကာလ ပြန်လည်စိုက်ပျိုးမည့် သစ်ပင် ၂၀၄၂၀၀ကို အထူးတာဝန်တစ်ရပ်အနေဖြင့် ရှင်သန်အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း သစ်တောဖုံးလွှမ်းမှုကျဆင်းနေသဖြင့် သစ်တော၊ သစ်ပင်နှင့် ဒီရေတောများကို ထိန်းသိမ်းကာကွယ်သွားကြရမည်ဖြစ်ပြီး ထပ်မံစိုက်ပျိုးသွားကြရမည် ဖြစ်ကြောင်း၊ မုန်တိုင်းကြောင့် ပြိုလဲပျက်စီးခဲ့သည့် သစ်ပင်မျိုးများကို လေ့လာဆန်းစစ်ချက် အစီရင်ခံစာအရ ဒေသနှင့်ကိုက်ညီပြီး မုန်တိုင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရည်ရှိသော မြို့ပြတည်ဆောက်မှုကို ထိခိုက်မှုမရှိစေမည့် သစ်ပင်များကို ရှင်သန်ကြီးထွားအောင် စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အထူးအလေးထား ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပြီး တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းရှိ အမှတ်(၂) သစ်စက်၊ ပြည်နယ်ရဲအကျဉ်းတပ်ဖွဲ့ခွဲဝင်းအတွင်းရှိ အမှတ်(၃) သစ်စက်နှင့် ကုန်တန်းရပ်ကွက်ရှိ အမှတ်(၁) သစ်စက်သို့ ရောက်ရှိပြီး သစ်များ ခွဲစိတ်နေမှု၊ သစ်များစုပုံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေကမ်းခြေတစ်လျှောက် ဒီရေတောများ စိုက်ပျိုးမည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဒီရေတော စိုက်ပျိုးမည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီး ဦးထွန်းအုံနှင့် တာဝန်ရှိသူများသည် နန္ဒဝန်ရက္ခဗေဒ ဥယျာဉ် ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက မုန်တိုင်းလွန်ကာလ သစ်ပင်များ စိုက်ပျိုးထားရှိမှု၊ မုန်တိုင်းကြောင့်ပြိုလဲ ပျက်စီးခဲ့သည့်သစ်ပင်များကို မုန်တိုင်းဒဏ်ခံ ပြည်သူများအတွက် သစ်ထုတ်နိုင်ရေး စီမံဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း ပေါက်ရောက်သည့် သစ်အုပ်စုအမျိုးအစားအလိုက် ဥယျာဉ်အင်္ဂါရပ်နှင့်အညီ စိုက်ပျိုးသွားနိုင်ရေးနှင့် အများပြည်သူ အပန်းဖြေနိုင်ရေးအတွက် ဥယျာဉ်ကိုမူလထက် ပိုမိုကောင်းမွန်အောင် စနစ်တကျ အလျင်အမြန် ပြန်လည်တည်ဆောက်သွားနိုင်ရေး မှာကြားပြီး ရှာဖွေကူညီကယ်ဆယ်ရေးအဖွဲ့များက လူအင်အား၊ စက်ယန္တရား အင်အားဖြင့်ဥယျာဉ်အတွင်း ပြိုလဲသစ်ပင်များအား ခုတ်ထွင်ရှင်းလင်းနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှုများနှင့် မိုခါမုန်တိုင်းတိုက်ခတ်မှုအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှုများ၊ ထိခိုက်ပျက်စီးမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆည်းဆောင်ရွက်ပေးပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အဦများ ပြန်လည်ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# EV ဆိုင်ရာ အရည်အသွေးပြည့်မီသော ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့ နံနက်ပိုင်းက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန အစိုးရစက်မှု လက်မှုသိပ္ပံ(အင်းစိန်)သို့ ရောက်ရှိပြီး လျှပ်စစ်သုံး ယာဉ်ဆိုင်ရာ Training of Trainers သင်တန်း အပတ်စဉ်(၃) ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကျောင်းအုပ်ကြီးက Electric Vehical နှင့်စပ်လျဉ်း၍ ဖွင့်လှစ်ပြီးသင်တန်းများ၊ ဖွင့်လှစ်ဆဲသင်တန်းနှင့် ဆက်လက်ဖွင့်လှစ်သွားမည့် သင်တန်းများ၊ သင်ထောက်ကူ ပစ္စည်းများနှင့် သင်တန်းဆိုင်ရာ အခြေခံအဆောက်အအုံ မွမ်းမံပြင်ဆင်မှုဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စံချိန်စံညွှန်းပြည့်မီသော ပစ္စည်းကိရိယာများ ဖြည့်တင်းရန်၊ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ မွမ်းမံပြင်ဆင်ရန်၊ EV Charging System နှင့် Charger အမျိုးအစားများ စုံလင်စွာသင်ကြားပေးရန်၊ တင်သွင်းလျက်ရှိသော ပစ္စည်းများနှင့်အံဝင်ခွင်ကျဖြစ်ရန်နှင့် ထိရောက်အောင် သင်ကြားပေးရန်၊ TOT (Training of Trainers) သင်တန်းများနှင့် ဆင့်ပွားသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်၍ EV ဆိုင်ရာအရည်အသွေးပြည့်မီသော ကျွမ်းကျင်ပညာရှင်များ မွေးထုတ်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး သင်တန်းပြီးဆုံး၍ သက်ဆိုင်ရာဌာနများသို့ ပြန်လည်ရောက်ရှိသည့်အခါ လေ့လာဆည်းပူးခဲ့သည်များကို လက်ဆင့်ကမ်းမျှဝေ၍ EV သုံးစွဲသည့် ပြည်သူများ၏ လက်ဝယ်အရောက် EV ဆိုင်ရာ အသိပညာ၊ ဗဟုသုတများ ပြန့်ပွားရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် ဆက်လက်လေ့လာဆည်းပူးသွားရန် မှာကြားသည်။ **(အောက်ပုံ)**




အစိုးရစက်မှုလက်မှု သိပ္ပံ (အင်းစိန်)တွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ EV သင်တန်းများကို ဖွင့်လှစ်ပေးခဲ့ရာ TOT သင်တန်း အပတ်စဉ်နှစ်ခုမှ သင်တန်းဆင်း ၄၅ ဦး၊ TOT မွမ်းမံသင်တန်းတစ်ခုမှ သင်တန်းဆင်း ၁၅ ဦးနှင့် EV ဆိုင်ရာ ပုံမှန်ဆင့်ပွားသင်တန်း တစ်ခုမှ သင်တန်းဆင်း ၃၁ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မကွေးမြို့၌ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားနှင့် ဈေးရောင်းပွဲတော်ကျင်းပ

**မကွေး ဇူလိုင် ၂**

(၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းအဆင့်ဆင့်တို့ ပူးပေါင်း၍ ဈေးရောင်းပွဲတော်ကို ဇူလိုင် ၁ ရက်က သမဝါယမစာရင်းရေး၊ စာရင်းကိုင်နှင့် သက်မွေးပညာသင်တန်းကျောင်း(မကွေး)၌ ကျင်းပသည်။

ဈေးရောင်းပွဲတော်ကို တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး၊ သမဝါယမစာရင်းရေး၊ စာရင်းကိုင်နှင့်သက်မွေးပညာ သင်တန်းကျောင်း (မကွေး) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် သဝဏ်လွှာဖတ်ကြားသည့်အခမ်းအနားကို သမဝါယမစာရင်းရေး၊ စာရင်းကိုင်နှင့် သက်မွေးပညာသင်တန်းကျောင်း(မကွေး) ခန်းမ၌ ဆက်လက်ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးက အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့သဝဏ်လွှာကို ဖတ်ကြားပြီး ဈေးရောင်းပွဲတော်တွင် ဈေးရောင်းချနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။ **ကိုစည်သူ(မကွေး)**

# ခိုင်မာအားကောင်းသော ခရီးသွားကိန်းဂဏန်းများဆီသို့

မြင့်ထွေး(ဟိုတယ်/ ခရီး)

### မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု စီမံကိန်း

မဲခေါင်ဒေသအတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ထိုင်းနိုင်ငံ၏ ကနဦးအကြံပြုချက်အရ ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် နေပြည်တော်၌ ပြုလုပ်ခဲ့သော (၁၇) ကြိမ်မြောက် အာဆီယံ တရုတ် ထိပ်သီးအစည်းအဝေး၌ နိုင်ငံခေါင်းဆောင်များ တွေ့ဆုံခဲ့ကြရာ တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချန်းက "မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု" လုပ်ငန်းစဉ်တည်ထောင်ရန် အဆိုပြုခဲ့မှုအပေါ် မဲခေါင်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြပြီး ဒေသအတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်၊ ပြည်သူများ၏ သာယာဝပြောမှုကို တိုးမြှင့်ပေးရန်၊ ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် လျှော့ချရန်၊ ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ၂၀၃၀ ရည်မှန်းချက်များကို တိုးမြှင့်အကောင်အထည်ဖော်ရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်သွားရန် စသည့်ရည်ရွယ်ချက်များဖြင့် စတင်အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအောက်တွင် ကူးလူးဆက်သွယ်မှု၊ ထုတ်လုပ်မှု၊ နယ်စပ်ဖြတ်ကျော်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ရေအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စသည့်နယ်ပယ်ငါးခုဖြင့် စတင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ပြုလုပ်ခဲ့သော ဒုတိယအကြိမ် မဲခေါင်-လန်ချန်း ထိပ်သီးအစည်းအဝေး၌ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ငါးနှစ်တာ လုပ်ငန်းအစီအစဉ်ကို ချမှတ်ခဲ့သည်။ အဆိုပါအစီအစဉ်တွင် ကျန်းမာရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှု၊ အကောက်ခွန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တော၊ ဘဏ္ဍာရေး၊ လျှပ်စစ်နှင့် စွမ်းအင်၊ သတင်းမီဒီယာ စသောနယ်ပယ် ၁၀ ခုကိုလည်း ထပ်မံတိုးချဲ့ခဲ့သည်။

မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းပေါင်း ၉၃ ခုရှိပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်မှစ၍ စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၇ သန်း အထောက်အပံ့ရရှိပြီးဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် ခရီးသွားလုပ်ငန်းကဏ္ဍအနေဖြင့် The Establishment of Tourism Research Center (နေပြည်တော်) စီမံကိန်းအတွက် အထူးရန်ပုံငွေရရှိခဲ့သဖြင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးမှုအတွက် အခြေခံလိုအပ်သော သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

### ခရီးသွားလုပ်ငန်း သုတေသနစင်တာ

Tourism Research Center ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနက တင်ဒါခေါ်ယူ၍ မြန်မာနိုင်ငံသား ကျွမ်းကျင်ပညာရှင်များအား စနစ်တကျ ရွေးချယ်တာဝန်ပေးအပ်ကာ ခရီးသွားလုပ်ငန်းအတွက် မရှိမဖြစ်လိုအပ်သော Tourism Research Center အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ကျွမ်းကျင်ပညာရှင်များက ခရီးသွားသုတေသနအဖွဲ့တွင် ပါဝင်ကြသော ဝန်ထမ်းများ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ပညာရေးနယ်ပယ်မှ ဆရာ ဆရာမများ၊ ခရီးသွားလုပ်ငန်း အသင်းအဖွဲ့များမှ ဝန်ထမ်းများအား သုတေသန စစ်တမ်းကောက်ယူခြင်း နည်းလမ်းများကို သင်ကြားပေးခြင်း၊ ခရီးသွားစစ်တမ်းများ လက်တွေ့ကောက်ယူရာတွင် ပါဝင်ဆောင်ရွက်ခြင်းများဖြင့် အတွေ့အကြုံများကို ရရှိစေခဲ့သည်။ အရေအတွက်ဆိုင်ရာ အချက်အလက်ကောက်ယူခြင်း နည်းလမ်းများ (Quantitative Data Collection Methods) နှင့် အရည်အသွေးဆိုင်ရာ အချက်အလက် ကောက်ယူခြင်း နည်းလမ်းများ (Qualitative Data Collection Methods) များဖြင့် စစ်တမ်းပုံစံများ၊ မေးခွန်းများကို ပြုစုကာ နိုင်ငံတကာ ဝင်ပေါက်ထွက်ပေါက်များ၊ လေဆိပ်များ၊ ခရီးစဉ်ဒေသများ၊ ဘုရားများ၊ ဘူတာရုံများ၊ ကားဂိတ်များ၊ ဟိုတယ်များတွင် စာရင်းကောက်ယူခဲ့ကြသည်။

### ယခင်ခရီးသွားစစ်တမ်း အတွေ့အကြုံ

ခရီးသွားစစ်တမ်းများ ကောက်ယူမှုနှင့်ပတ်သက်၍ လွန်ခဲ့သော ၂၀၁၄ ခုနှစ်က မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖြစ် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခဲ့စဉ် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဖွဲ့စည်းပုံတွင် ပါရှိသော ခရီးလှည့်နှင့် ဧည့်လမ်းညွှန် ကြီးကြပ်စစ်ဆေးရေးဌာနခွဲ တာဝန်ခံ၏ အတွေ့အကြုံများကို ပြန်လည်သတိရမိသည်။

ဌာနအသစ်ဖြစ်၍ ဌာနခွဲ၏ လုပ်ငန်းတာဝန်များနှင့်အညီ ခရီးလှည့်လုပ်ငန်းများ ဆောင်ရွက်သော ကုမ္ပဏီများနှင့် ဧည့်လမ်းညွှန်များ၊ စည်းကမ်းစနစ်တကျရှိစေရေးအတွက် အဓိကလုပ်ဆောင်ခဲ့ကြရသည်။ ဦးစီးဌာနဖွဲ့စည်းမှု စတင်ချိန်ဖြစ်၍ ခရီးသွားကုမ္ပဏီများ၏ ဧည့်သည်အဝင်အထွက် စာရင်းများ၊ ဝင်ငွေများ၊ အရှုံး/အမြတ်စာရင်းများ၊ ကုမ္ပဏီမှ အလုပ်အကိုင် အခွင့်အလမ်းပေးနိုင်မှု အခြေအနေများ၊ ကုမ္ပဏီမှချိတ်ဆက်ဆောင်ရွက်နေသောနိုင်ငံများ၊ ပို့ဆောင်ပေးနေသော ခရီးစဉ်လမ်းကြောင်းများ၊ ခရီးစဉ်ကြာမြင့်မှုများ၊ ခရီးသွားဧည့်သည်များ၏ သုံးစွဲကုန်ကျငွေများ၊ ဧည့်သည်ဝင်ရောက်ထွက်ခွာသည့် ဝင်ပေါက်ထွက်ပေါက်များ စသည့်ခရီးသွားဆိုင်ရာ အချက်အလက်များကို မန္တလေး၊ ရန်ကုန်မြို့များရှိ ခရီးသွားကုမ္ပဏီတစ်ခုချင်းထံသို့ သွားရောက်ကာ မျက်နှာချင်းဆိုင် လူတွေ့မေးမြန်းခြင်း၊ သုတေသန မေးခွန်းလွှာနှင့် စစ်တမ်းများကောက်ယူခြင်းဖြင့် စာရင်းအင်းကိန်းဂဏန်းများကို စုစည်းရယူခဲ့ရသည်။



၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ထုတ်ဝေခဲ့သော သုတေသနအဖွဲ့လက်စွဲစာအုပ်။



ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနစီမံကိန်းပိတ်ပွဲကို ယခုနှစ် မတ်လက နေပြည်တော်၌ ကျင်းပစဉ်။

ဆူးလေလမ်းမကြီးကို အလယ်မျဉ်းကြောင်းဆွဲပြီး၊ ဘယ်အခြမ်း၊ ညာအခြမ်း ခွဲကာ မြို့နယ်အလိုက်၊ တစ်လမ်းဝင် တစ်လမ်းထွက် လှန်းထိုးသွား၍ ကုမ္ပဏီတစ်ခုဝင်၊ တစ်ခုထွက် စာရင်းကောက်ခဲ့ကြသည်။ တစ်ခါတစ်ရံ ကုမ္ပဏီပိုင်ရှင်များ၊ ကုမ္ပဏီမန်နေဂျာများနှင့်တွေ့ရတတ်သော်လည်း များသောအားဖြင့် ရုံးစာရေးများနှင့်သာ တွေ့ရသည်က များသည်။ ကုမ္ပဏီများတွင် ထားရှိသော စာရင်းများမှာ အမျိုးမျိုးရှိ၍ မပေးချင်ကြ။ ပေးသည့် စာရင်းအင်းများကလည်း မှန်မည်ဟုမထင်။ အခွန်ကောက်ခံရမည်ကိုလည်း တွေးပူကြတာလည်းပါသည်။ မိမိတို့က နားလည်အောင် ရှင်းပြရသည်

ဌာနမှထုတ်ပြန်သော နှစ်စဉ်ခရီးသွားကိန်းဂဏန်းများကို ပြင်ပမှ သံသယရှိကြသည့်အပြင် ယုံကြည်မှုနည်းကြခြင်းကြောင့် မိမိတို့ဌာနခွဲအနေဖြင့် စာရင်းအင်းကိန်းဂဏန်းများ ကောက်ယူရေးအတွက် သီးခြားသင်တန်းတက်ရောက်ထားခြင်း မရှိသော်လည်း ပြုစုထားသော အချက်အလက်ကောက်ယူမှုပုံစံများနှင့် အတွေ့အကြုံများအရ ဟာကွက်၊ ထောက်ကွက်များ မရှိအောင် စနစ်တကျစာရင်းကောက်ယူပြုစုခဲ့ကြသည်။ မန္တလေးမြို့ရှိ ခရီးသွားကုမ္ပဏီ ၇၀ ကျော်ကို ဆိုင်ကယ်တစ်စီးဖြင့် တစ်လမ်းဝင်တစ်လမ်းထွက် အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ မြို့လယ်၊ မြို့စွန်မကျန် စာရင်းကောက်ယူခဲ့ကြရာ ထိုအချိန်က မတ်၊ ဧပြီ ကာလဖြစ်၍ ပူပြင်းသော မန္တလေးနွေ၏ အပူဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသည်။

ရန်ကုန်မြို့ရှိ ခရီးသွားကုမ္ပဏီပေါင်း ၁၀၀၀ ခန့်ကို စာရင်းကောက်ယူသည့်ကာလမှာ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လဖြစ်သည်။ ဆူးလေလမ်းမကြီးကို အလယ်မျဉ်းကြောင်းဆွဲပြီး၊ ဘယ်အခြမ်း၊ ညာအခြမ်းခွဲကာ မြို့နယ်အလိုက်၊ တစ်လမ်းဝင် တစ်လမ်းထွက် လှန်းထိုးသွား၍ ကုမ္ပဏီတစ်ခုဝင်၊ တစ်ခုထွက် စာရင်းကောက်ခဲ့ကြသည်။ တစ်ခါတစ်ရံ ကုမ္ပဏီပိုင်ရှင်များ၊ ကုမ္ပဏီမန်နေဂျာများနှင့် တွေ့ရတတ်သော်လည်း များသောအားဖြင့် ရုံးစာရေးများနှင့်သာ တွေ့ရသည်က များသည်။ ကုမ္ပဏီများတွင်ထားရှိသော စာရင်းများမှာ အမျိုးမျိုးရှိ၍ မပေးချင်ကြ။ ပေးသည့် စာရင်းအင်းများကလည်း မှန်မည်ဟုမထင်။ အခွန်ကောက်ခံရမည်ကိုလည်း တွေးပူကြတာလည်းပါသည်။ မိမိတို့က နားလည်အောင် ရှင်းပြရသည်။ ကုမ္ပဏီ၏ ဧည့်ခန်းတွင် မထိုင်ခိုင်းဘဲ စတိုခန်းတွင် ထိုင်စောင့်ခိုင်းသည်အထိ ကုမ္ပဏီအချို့၏ ဆက်ဆံမှုများကို ကြုံတွေ့ရသည်။ သုတေသနစစ်တမ်းပါ အချက်အလက်များရရှိရေးအတွက် မျက်နှာငယ်ခဲ့ရသည်။ စစ်တမ်းမကောက်မီ အကြီးအကဲမှ ခေါ်ယူတွေ့ဆုံစဉ် မှာကြားခဲ့သည့် "ကျွေးတာမစားနှင့်၊ ပေးတာမယူနှင့်"ဟူသော အမိန့်နှင့် ကန့်သတ်ချက်က တိကျပြတ်သားသည်ဖြစ်၍ ကုမ္ပဏီမှတိုက်သောရေကိုပင် မသောက်ခဲ့။ လမ်းဘေးထမင်းဆိုင်တွင် ဝင်စားသည်။ မိုးရေထဲတွင် ထီးတစ်ချောင်းကို တပည့်ဖြစ်သူနှင့် နှစ်ယောက်အတူဆောင်း၍ ကုမ္ပဏီရုံးခန်းများကို တစ်လမ်းဝင်တစ်လမ်းထွက် ရှာဖွေခဲ့ရသည်။

စာမျက်နှာ ၁၁ သို့

# ကယားပြည်နယ်အစိုးရအဖွဲ့နှင့် လွိုင်ကော်ကက်သလစ်သာသနာပိုင် ဂိုဏ်းအုပ်ဆရာတော်သစ် မိတ်သဟာယပြုတွေ့ဆုံ

လွိုင်ကော် ဇူလိုင် ၂

**လွိုင်ကော်ကက်သလစ် သာသနာပိုင် ဂိုဏ်းအုပ်ဆရာတော်သစ် ဘိသိက်မင်္ဂလာပေးခြင်း၊ ပလ္လင်အပ်နှင်းဝတ်ပြုဆုတောင်းခြင်းနှင့် မိတ်သဟာယပြုခြင်းအခမ်းအနားကို လွိုင်ကော်မြို့ နောင်ယား(ခ)ရပ်ကွက် ခရစ်တော်ဘုရင်ဗဟိုဘုရားကျောင်းတော်၌ ဇွန် ၂၉ ရက်က ကျင်းပသည်။**



အခမ်းအနားတွင် ဘုန်းတော်ကြီး ဘယ်နာဒီးနိုနဲနယ်က အဖွင့် ဆုတောင်းမေတ္တာပို့သပြီး လွိုင်ကော်ကက်သလစ် သာသနာပိုင် ဂိုဏ်းအုပ်ဆရာတော်သစ် ချဲလ်ဆိုဘရွှေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ကြိုဆိုဂုဏ်ပြုစကား ပြောကြားရာတွင် ကယားပြည်နယ် လွိုင်ကော် ကက်သလစ် သာသနာပိုင် ဂိုဏ်းအုပ် ဆရာတော်အသစ် ခန့်အပ်လာခြင်းအတွက် ကက်သလစ် ဘာသာဝင်များနှင့်အတူ ပြည်နယ် အစိုးရအဖွဲ့ကလည်း အထူးပင် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ပြည်နယ်အတွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဖော်ဆောင်ရာတွင် ဘာသာတရားအားလုံးနှင့် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်သော ပြည်နယ် ဖြစ်လာစေရန်အတွက် ပြည်နယ် အစိုးရအဖွဲ့နှင့်အတူ ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် လွိုင်ကော် ကက်သလစ် သာသနာပိုင် ဂိုဏ်းအုပ်ဆရာတော်သစ် ချဲလ်ဆိုဘရွှေက ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များအား မေတ္တာလက်ဆောင်များ ပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ကာဒီနယ်ချားစ်လ် မောင်ဘို၊ ပုပ်ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်တော်နှင့် ကက်သလစ်ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ် ကက်သလစ်ဆရာတော်ကြီးများ သာသနာအသီးသီးမှ ဆရာတော်ကြီးများအား မေတ္တာလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ကာဒီနယ်ချားစ်လ်မောင်ဘိုက ဝမ်းမြောက်နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

*စာမျက်နှာ ၁၀ မှ*

ဝင်ဒါမီယာ၏ လမ်းများက ဝင်္ကပါကဲ့သို့ လမ်းပျောက်မျက်စိလည်မှုကို မကြာခဏဖြစ်စေခဲ့သည်။ ခွေးလိုက်၍ ပြေးရသည်ကလည်း ရှိသေးသည်။ တံခါးခေါက်၍ အကျိုးအကြောင်း ရှင်းပြသော်လည်း သံသယစိတ်ဖြင့် တံခါးမဖွင့်ပေးခဲ့သောကြောင့် ကုမ္ပဏီရုံးခန်းထဲဝင်ခွင့်မရသည်လည်းရှိခဲ့သည်။ ဓာတ်လှေကားမရှိသော ရှစ်ထပ်အဆောက်အအုံ အပေါ်ဆုံးထပ်ရှိ ကုမ္ပဏီရုံးခန်းကို တက်ရောက်ရှာဖွေသော်လည်း ကုမ္ပဏီမတွေ့၍ မောဟိုက်ခြေကုန် လက်ပန်းကျကာ ပြန်ဆင်းလာရသည်လည်းရှိသည်။

မှတ်မှတ်ရရ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ အငြိမ်းစားကုမ္ပဏီပိုင်ရှင် အမျိုးသမီးတစ်ဦးနှင့် တွေ့ဆုံစဉ် မိမိတို့အဖွဲ့ ပင်ပန်းနေမှုကို စာနာပြီး (ဟိုတယ်ခရီးသံယောဇဉ်ကြောင့်လည်းပါသည်) နေ့လယ်စာကျွေးဖို့ စီစဉ်သည်။ မိမိတို့မှငြင်းဆိုသဖြင့် စားသောက်ရန်ငွေတချို့ပေးရာ မိမိမှ ယဉ်ကျေးစွာထပ်မံငြင်းဆိုသဖြင့် ကုမ္ပဏီပိုင်ရှင်မှာ မိမိတို့အပေါ် အံ့သြသွားသည်။ မိမိမှ ကုမ္ပဏီပိုင်ရှင် အမျိုးသမီး၏ စေတနာအား လေးစားကျေးဇူးတင်ပါကြောင်း၊ ဤသို့ငြင်းဆိုခြင်းအပေါ် စိတ်မကောင်း မဖြစ်ပါရန်နှင့် မိမိတို့အဖွဲ့အပေါ် ယခုလို မေတ္တာဖြင့်ကူညီသော်လည်း လက်မခံခြင်းကို အခြားသူများနှင့် ခရီးသွားနယ်ပယ်အတွင်း၌ သတင်းစကားပြောကြားပေးဖို့ကိုသာ အကူအညီတောင်းလိုပါကြောင်း ပြောကြားခဲ့ရသည်။

ဤလုပ်ငန်းစဉ်များကို မိမိနှင့် ဒုတိယညွှန်ကြားရေးမှူးတို့ ရန်ကုန်တစ်ပတ်တစ်ခါ တစ်လှည့်စီ စာရင်းကောက်ယူပြီး နေပြည်တော်ပြန်လာ၊ စာရင်းပြန်ချုပ်ဖြင့် လေးလခန့်ဆောင်ရွက်ပြီး ခရီးသွားကုမ္ပဏီ ၈၀၀ ခန့် ပြီးစီးချိန်တွင် တစ်စုံတစ်ဦး၏ညွှန်ကြားမှု (သို့မဟုတ်) သတိထောက်မှု (သို့မဟုတ်) အမြင်မသင့်တော်မှုများကို သိရှိသွားခြင်းကြောင့်လားမသိ။ ရန်ကုန်ရုံးတာဝန်ခံအား တာဝန်ပေး၍ ကျန်ရှိကုမ္ပဏီများကို အစည်းအဝေးခေါ်ယူ စာရင်းကောက်ကာ ရုံးချုပ်သို့ ပေးပို့စေသည့်စနစ်ကို ပြင်ဆင်ဆောင်ရွက်ခဲ့သည်။

မည်သို့ပင်ဆိုစေ လေးလကျော်ခန့် အပင်ပန်းခံ၊ ဒုက္ခခံကာ စာရင်းကောက်ယူခဲ့သော အကျိုးကြောင့်၊ နိုင်ငံတကာ ဧည့်သည်ဝင်ရောက်မှု အခြေအနေ၊ ဧည့်သည်တစ်ဦးချင်း သုံးစွဲခဲ့သည့် ငွေကြေး၊ တည်းခိုနေထိုင်မှုကြာမြင့်ချိန်၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုအခြေအနေ၊ ဈေးကွက်အလိုက်ဆွဲဆောင်မှု၊ ခရီးသွားမှုဝင်ငွေ၊ နိုင်ငံလိုက် ဧည့်သည်ဝင်ရောက်မှု အခြေအနေများ ပေါ်ထွက်လာခဲ့၍ (မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ) ခရီးသွားဆိုင်ရာ ကိန်းဂဏန်းများအတွက် အထောက်အပံ့ တစ်ခုဖြစ်ခဲ့ပြီး မေ့မရနိုင်ခဲ့သော အတွေ့အကြုံများလည်း ရရှိခဲ့သည်။

သို့ရာတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖွဲ့စည်းပြီး တစ်နှစ်အကြာ ၂၀၁၅ ခုနှစ်တွင် အဆိုပါဦးစီးဌာနကို ဖျက်သိမ်းခဲ့သဖြင့် ခရီးလှည့်နှင့် ဧည့်လမ်းညွှန်ကြီးကြပ်စစ်ဆေးရေးဌာနခွဲ၏ လုပ်ငန်းတာဝန်များလည်း ရပ်ဆိုင်းသွားခဲ့ရသည်။ ကျန်ရှိသောဦးစီးဌာနရှိ ဆက်စပ်သောဌာနခွဲတစ်ခုက ခရီးသွားကိန်းဂဏန်းများကို ဆက်လက်ပြုစုခဲ့သဖြင့် နှစ်စဉ်ခရီးသွားကိန်းဂဏန်းများကို ထုတ်ပြန်နိုင်ခဲ့သည်။

**လက်ရှိဆောင်ရွက်ချက်များ**

ယခုအခါ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကြောင့် စီမံကိန်းရည်မှန်းချက်များဖြစ်သည့် ခရီးသွားလုပ်ငန်းဈေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအားကို အချက်အလက်များ ကိန်းဂဏန်းများဖြင့် ဖော်ထုတ်ခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များနှင့် နှစ်အလိုက် စီမံချက်များကို ပံ့ပိုးကူညီခြင်း၊ ခရီးသွားဆိုင်ရာ သုတေသနလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ခြင်း၊ အရည်အသွေးပြည့်ဝသောအဖွဲ့တစ်ခု တည်ထောင်ခြင်း၊ ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်းရှိသူများအား သုတေသနပြုလုပ်ခြင်း နည်းလမ်းများကို မိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပညာရှင်အဖွဲ့အား တင်ဒါခေါ်ယူ ရွေးချယ် တာဝန်ပေးအပ်သည်မှ စီမံကိန်းတာဝန်ပြီးဆုံးသည်အထိ အချိန်ကာလ ခုနစ်လခန့်သာ ရရှိခဲ့သော်လည်း အဆိုပါကာလအတွင်း ပညာရှင်အဖွဲ့နှင့် သုတေသနအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် သုတေသနအဖွဲ့ တည်ထောင်ဖွဲ့စည်းနိုင်ခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနလက်စွဲစာအုပ် (Handbook For Tourism Research Center) နှင့် နှစ်အလိုက် သုတေသနလုပ်ငန်းစီမံချက်များပါရှိသည့် စစ်တမ်းပြက္ခဒိန် (Year Round Survey Calendar With Plan) ရေးဆွဲနိုင်ခြင်း၊ ပြည်တွင်း၊ ပြည်ဝင်နှင့် ပြည်ပ ထွက်ခွာ ခရီးသွားစစ်တမ်းများ ကောက်ယူခြင်းနှင့် သုတေသနတွေ့ရှိချက်များကို ဖော်ထုတ်နိုင်ခြင်းနှင့် အစီအရင်ခံစာတင်ပြနိုင်ခြင်း၊ စီမံကိန်းအလွန်ကာလတွင် ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် သုတေသနစစ်တမ်းကောက်ယူခြင်း လုပ်ငန်းများကို ခေတ်မီနည်းလမ်းများဖြစ်သော မေးခွန်းလွှာစာရွက်ဖြင့် မှတ်တမ်းတင်မေးမြန်းမှုစနစ် (Paper and Pencil Interviewing (PAPI) method)၊ ကွန်ပျူတာအထောက်အကူပြု တွေ့ဆုံမေးမြန်းမှုစနစ် (Computer Assisted Personal Interviewing (CAPI) method၊ ကွန်ပျူတာအထောက်အကူပြု တယ်လီဖုန်းဖြင့် မေးမြန်းမှုစနစ် (Computer Aided Telephone Interview (CATI) method)၊ ကွန်ပျူတာအထောက်အကူပြု အွန်လိုင်းမှ တွေ့ဆုံမေးမြန်းမှုစနစ် (Computer Assisted Web Interview-ing (CAWI) method) များဖြင့် ဆက်လက်ဆောင်ရွက်နိုင်ခြင်း၊ စီမံကိန်းရေရှည်တည်တံ့ရေးအတွက် သုတေသနဆိုင်ရာ ဗဟုသုတကြွယ်ဝသည့် ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်ပေးနိုင်ခြင်းတို့ကို အကျိုးရလဒ်အဖြစ် ရရှိခဲ့သည်။

**ခရီးသွားကိန်းဂဏန်းများရရှိရေး**

ခရီးသွားစစ်တမ်းနှင့် တွေ့ရှိချက်များအရ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခဲ့သော နိုင်ငံခြားသားခရီးသွားဧည့်သည် အရေအတွက်၊ လတ်တလောအခြေအနေအရ ထိုင်းနိုင်ငံမှ လာရောက်သည့်ခရီးသွားအရေအတွက်၊ ပျမ်းမျှနေထိုင်ရက်၊ ပျမ်းမျှအသုံးစရိတ်၊ ပြည်တွင်း၌ သုံးစွဲငွေပမာဏ၊ ဗီဇာဖြင့် ဝင်ရောက်သူဦးရေ၊ နယ်စပ်ဒေသတွင် Entry Permit ၊ Temporary Border Pass ဖြင့် ဝင်ရောက်သူဦးရေ စသည်တို့အပြင် ပြည်တွင်းခရီးသွားစစ်တမ်းအရ မြန်မာနိုင်ငံသားများ အများဆုံးသွားရောက်ခဲ့သည့်မြို့၊ ပျမ်းမျှနေထိုင်ရက်၊ တစ်ဦးတစ်ရက်ပျမ်းမျှအသုံးစရိတ်များကိုလည်းကောင်း၊ ပြည်ပခရီးသွားစစ်တမ်းအရ သွားရောက်မှုအများဆုံးနိုင်ငံ၊ သွားရောက်မှုအစီအစဉ်၊ ပျမ်းမျှနေထိုင်ရက်၊ တစ်ဦးတစ်ရက်ပျမ်းမျှအသုံးစရိတ် စသည့်ခိုင်မာအားကောင်းသည့် စာရင်းအင်းကိန်းဂဏန်းများကိုလည်းကောင်း ရရှိခဲ့သည်။

ဤသုတေသနစစ်တမ်းများက ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်တိကျသော၊ မူဝါဒများ၊ ပန်းတိုင်များ၊ စီမံချက်များ၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် အဓိကအခန်းကဏ္ဍမှ အထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ပြင် ခရီးသွားသုတေသနကျွမ်းကျင်ပညာရှင်များနှင့် သုတေသနအဖွဲ့၏ စွမ်းဆောင်မှုကြောင့် ဝန်ကြီးဌာန၏ ခရီးသွားကိန်းဂဏန်းအချက်အလက်များအပေါ် ယုံကြည်အားနည်းမှု၊ သံသယရှိနေမှုများကိုလည်း ပျောက်ကင်းစေခဲ့သည်။ နိုင်ငံတကာတွင် အသုံးပြုနေသောသီအိုရီများ၊ UNWTO ၏ နည်းစနစ်များ၊ စံနှုန်းများနှင့်အညီ စနစ်ကျနသော စာရင်းကောက်ယူမှုကြောင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအဖွဲ့ကပင် ဤစီမံကိန်း၏ ရလဒ်များကို လက်ခံအသိအမှတ်ပြုကာ ရယူမှတ်တမ်းတင် အသုံးပြုသည်အထိ ခိုင်မာအားကောင်းမှုကို ဖြစ်စေခဲ့သည်။

ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနစီမံကိန်းပြီးဆုံးချိန်တွင် စီမံကိန်းဆောင်ရွက်မှုများအပေါ် ပြန်လည်သုံးသပ်အစီအရင်ခံခြင်းကို ဆောင်ရွက်ခဲ့ရာ စီမံကိန်းတာဝန်ခံ၊ ကျွမ်းကျင်ပညာရှင်အဖွဲ့က စတင်ဆောင်ရွက်သည်မှ သုတေသနအဖွဲ့ လက်စွဲစာအုပ် ထွက်ပေါ်သည်အထိလည်းကောင်း၊ မြန်မာ့ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းကိန်းဂဏန်းအစီအရင်ခံစာ ၂၀၂၂ ထွက်ရှိသည်အထိ လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တိုင်းအား အသေးစိတ် ရှင်းလင်းတင်ပြခဲ့ကြပြီး ရှေ့ဆက် ဆောင်ရွက်သင့်သည်များကိုလည်း အကြံပြုခဲ့ကြသည်။

ကျွမ်းကျင်ပညာရှင်အဖွဲ့၏ စီမံကိန်းဆောင်ရွက်မှုများအပေါ် စီမံကိန်းကြီးကြပ်ရေးအဖွဲ့ (Project Steering Committee) က ချီးကျူးဂုဏ်ပြုစကားပြောကြားပြီး စီမံကိန်းကို အပြီးသတ်ခဲ့သည်။ စီမံကိန်းပိတ်ပွဲအခမ်းအနားကိုလည်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်၍ ကျေးဇူးတင်စကားပြောကြားကာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနစီမံကိန်းပိတ်ပွဲအခမ်းအနား ပြီးမြောက်အောင်မြင်ခဲ့သည်။

ဤစီမံကိန်း၏ ရလဒ်များကြောင့် UNWTO ၏ Tourism Satellite Account (TSA) ကိုအကောင်အထည်ဖော်နိုင်ရန် လမ်းညွှန်သဖွယ်လိုအပ်သော ပြင်ဆင်မှုများကို ပြုလုပ်နိုင်ခဲ့သည်။ အဆိုပါစနစ်သည် ခရီးသွားလုပ်ငန်းဆိုင်ရာနှင့် ပတ်သက်၍ စီးပွားရေးအရ တိုင်းတာနိုင်သည့် စံချိန်စံညွှန်းရှိသော စာရင်းအင်းအချက်အလက်မူဘောင်ဟု UNWTO က ဖွင့်ဆိုထားသဖြင့် ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး Gross Domestic Product (GDP) တွင် ခရီးသွားကဏ္ဍ ပါဝင်မှုအတိုင်းအတာကို တိုင်းတာတွက်ချက်နိုင်ရန် ပံ့ပိုးပေးနိုင်မည်ဖြစ်၍ ယခုနှစ်အပါအဝင် လာမည့်နှစ်များတွင်လည်း ခိုင်မာအားကောင်းသော ခရီးသွားကိန်းဂဏန်းများကို နှစ်စဉ်စနစ်တကျ ဖော်ထုတ်နိုင်တော့မည်ကို ကြိုတင်တွေးမိပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေအဖွဲ့နှင့် စီမံကိန်းအား တာဝန်ခံဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံသား ကျွမ်းကျင်ပညာရှင် ဦးအောင်မင်းခေါင်းဆောင်သောအဖွဲ့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်လိုက်ရပါသည်။ ။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာယနေ့တွင် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် တာဝန်ရှိသူများသည် ရွာမကျေးရွာနယ်စပ်ဒေသဂန္ဓရီ လူငယ်ဖွံ့ဖြိုးရေး ပရဟိတသင်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို သွားရောက်ကြည့်ရှုပြီး အားပေးစကားများပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။ (ယာပုံ) ထို့ပြင် ဂန္ဓရီကျေးရွာရှိ ဒေသခံပြည်သူများအား ပြန်လည်ထူထောင်ရေး ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ဒုတိယအကြိမ်အဖြစ် ထောက်ပံ့ပေးအပ်၍ အားပေးစကားများ ပြောကြားသည်။ ထို့နောက် ကုလားတန် (၃) ရေယာဉ်ဖြင့် ရောက်ရှိလာသော လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများအား မီးရထားဆိပ်ရပ်ကွက်ရှိ၊ စားသုံးသူရေးရာဂိုဒေါင်အတွင်း စနစ်တကျထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။





အလားတူ မြောက်ဦးမြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ်သောင်းထိုက်ရွှေနှင့် တာဝန်ရှိသူများသည် မြောက်ဦးမြို့နယ်အတွင်း မိုခါမုန်တိုင်းကြောင့် ပျက်စီးသွားသော ကျေးရွာအုပ်စု ၁၂ အုပ်စုမှ မုန်တိုင်းသင့်တောင်သူများထံသို့ GW–11 မျိုးစပါးတင်း ၉၀၀ ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်တင်ဆွေ နှင့် တာဝန်ရှိသူများသည် မောင်တောမြို့ရှိ ခုတင် ၁၀၀ ဆံ့ ခရိုင်ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများကို အားပေးစကား ပြောကြားပြီး အာဟာရ ဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သော အခြေခံစာရင်းဇယားရေးဆွဲနည်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန် ရည်ရွယ်၍ စာရေးဝန်ထမ်းများ အခြေခံစာရင်းဇယားရေးဆွဲနည်းသင်တန်း အမှတ်စဉ်(၁/၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြောင်း (ဝဲပုံ) သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၂**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက် ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့၌ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ သာယာကုန်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဂန္ဓရီကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇူလိုင် ၂**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် ဝါခုတ်ချောင်းတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်/ စစ်သမီးများက အဆို/ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်/ စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို/ အကများ၊ တေးသရုပ်ဖော် အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာအသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ထိုသို့ သီဆိုကပြဖျော်ဖြေသော စစ်သည်/ စစ်သမီးများအား နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများကဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇူလိုင် ၂** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ **မိုး/ဇလ**

# ဆီးရီးယား၏ ဒုံးကျည်တိုက်ခိုက်မှုကို တုံ့ပြန် အစ္စရေးက ဒုံးကျည်ဖြင့် စစ်ဘက်ပစ်မှတ်ကို တိုက်ခိုက်



**ဂျေရုဆလင် ဇူလိုင် ၂**

ဇူလိုင် ၂ ရက် သန်းခေါင်ယံနောက်ပိုင်း အစ္စရေးက ဆီးရီးယားနိုင်ငံအလယ်ပိုင်း ဟွန်းမ်ပြည်နယ်ရှိ စစ်ဘက်ဆိုင်ရာနေရာများကို ဒုံးကျည်တိုက်ခိုက်မှု တစ်ခုပြုလုပ်ရာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဆီးရီးယားစစ်တပ်က ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။

ထုတ်ပြန်ချက်တွင် ဆီးရီးယား လေကြောင်းရန်ကာကွယ်ရေးဌာနကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဒုံးကျည်အချို့ကို ကြားဖြတ်ပစ်ချနိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

အဆိုပါတိုက်ခိုက်မှုသည် အီရန်ကျောထောက်နောက်ခံပြုသည့်ပြည်သူ့စစ်၏ လက်နက်သိုလှောင်ရုံကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း စစ်ပွဲဖြစ်ပွားမှုနှင့် ပတ်သက်ပြီး လူ့အခွင့်အရေးဆိုင်ရာ ဆီးရီးယားလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။ အဆိုပါ တိုက်ခိုက်မှုပြီးနောက် ဆီးရီးယားက အစ္စရေးပိုင်နက်အတွင်းသို့ လေယာဉ်ပစ်ဒုံးကျည်တစ်စင်းကို ပစ်လွှတ်ခဲ့ကြောင်း၊ ယင်းဒုံးကျည်မှာ လေထုအတွင်း ပေါက်ကွဲခဲ့ပြီး ထိခိုက်မှုမရှိခဲ့ကြောင်း အစ္စရေးစစ်တပ်က ဇူလိုင် ၂ ရက် ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ဆီးရီးယား၏ ဒုံးကျည်တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးဂျက်တိုက်လေယာဉ်များက အစ္စရေးပိုင်နက်အတွင်းသို့ လေယာဉ်ပစ်ဒုံးကျည်ပစ်လွှတ်လိုက်သော ဆီးရီးယား လေကြောင်းရန်ကာကွယ်ရေးဌာနသို့ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး အစ္စရေးစစ်တပ်ဘက်က မှတ်ချက်တစ်စုံတစ်ရာ မပေးခဲ့ချေ။

ဆီးရီးယားစစ်တပ်သည် နိုင်ငံအတွင်း မကြာခဏ အစ္စရေးလေကြောင်း တိုက်ခိုက်မှုကို တုံ့ပြန်ရန်အတွက် တစ်ခါတစ်ရံ ဒုံးကျည်များ ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



## ကင်ညာ၌ ယာဉ်မတော်တဆဖြစ်ပွားမှု သေဆုံးသူပေါင်း ၅၁ ဦးအထိ တိုးလာ

**ကီရီချို ဇူလိုင် ၂**

ကင်ညာနိုင်ငံအနောက်ပိုင်းတွင် ယာဉ်မတော်တဆမှု ဖြစ်ပွားခြင်းကြောင့် သေဆုံးသူ စုစုပေါင်း ၅၁ ဦးအထိ တိုးလာကြောင်း ရဲတပ်ဖွဲ့က ဇူလိုင် ၁ ရက်က ပြောကြားသည်။ ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်ဆဲဖြစ်ကြောင်း သိရသည်။

ဇွန် ၃၀ ရက်ညနေပိုင်းက ကွန်တိန်နာကို သယ်ဆောင်လာသည့် ထရပ်ကား၏ မောင်းနှင်သူမှာ ယာဉ်ကိုအရှိန်မထိန်းနိုင်ဘဲ ကီရီချိုဒေသရှိ နာကူရူ-ကီရီချို အဝေးပြေးလမ်းမတစ်လျှောက်တွင် အခြားယာဉ်များနှင့် လမ်းသွားလမ်းလာများကို တိုက်မိခဲ့ကြောင်း သိရသည်။

ယာဉ်မတော်တဆမှုကြောင့် ယခုအခါသေဆုံးသူ ၅၁ ဦးရှိလာပြီး အခြားလူ အများအပြားမှာ ဒဏ်ရာရကာ ဆေးရုံတက်ရောက်နေရကြောင်း ရက်ဖ်ဗယ်လီဒေသဆိုင်ရာရဲမှူး တွမ်အိုဒီရိုက ပြောကြားသည်။ ယာဉ်မတော်တဆမှုကြောင့် လူပေါင်း ၃၂ ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း သိရသည်။ ယာဉ်မတော်တဆမှုမဖြစ်ပွားမီ ထရပ်ကားမောင်းနှင်သူမှာ လမ်းပေါ်တွင် ရပ်ထားသည့်မီနီဘတ်စ်ကားတစ်စီးကို ရှောင်တိမ်းရန် ကြိုးစားခဲ့ကြောင်း မျက်မြင်သက်သေက ပြောကြားသည်။ မီနီဘတ်စ်ကားအများအပြားလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

ကင်ညာနိုင်ငံ၌ နှစ်စဉ်ယာဉ်မတော်တဆ ဖြစ်ပွားမှုကြောင့် လူပေါင်း ၃၀၀၀ ခန့်သေဆုံးကြောင်း အမျိုးသားသယ်ယူပို့ဆောင်ရေးနှင့် ဘေးကင်းရေး အာဏာပိုင်အဖွဲ့မှ သိရသည်။

**ဆင်ဟွာ**

## ပြင်သစ်နိုင်ငံ၌ ဆန္ဒပြအကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ် နောက်ထပ် လူပေါင်း ၁၃၀၀ ကျော် ဖမ်းဆီးထိန်းသိမ်းထား

**ပါရီ ဇူလိုင် ၂**

ပြင်သစ်နိုင်ငံတွင် ဆယ်ကျော်သက်အရွယ် လူငယ်တစ်ဦးအား ရဲတပ်ဖွဲ့က သေနတ်ဖြင့် ပစ်သတ်မှုဖြစ်ပွားပြီးနောက်ပိုင်း ဆန္ဒပြအကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ လူပေါင်း ၁၃၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ဇွန် ၂၇ ရက်က ပါရီမြို့ဆင်ခြေဖုံး နန့်တဲရှိ စစ်ဆေးရေးဂိတ်တစ်ခုတွင် အသက် ၁၇ နှစ်အရွယ်တစ်ဦးအား ပစ်သတ်မှုဖြစ်ပွားပြီးနောက် နိုင်ငံတစ်ဝန်း၌ ရဲတပ်ဖွဲ့ကို ဆန့်ကျင်ဆန္ဒပြမှုများ စတင်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ ဇူလိုင် ၁ ရက် နံနက်ပိုင်းအထိ ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားနေကြောင်းနှင့် အချို့ဆန္ဒပြသူများမှာ အကြမ်းဖက်အသွင် ပြောင်းလဲလာကြကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောသည်။

ထို့ပြင် အခြေအနေကို ပြန်လည် ထိန်းသိမ်းနိုင်ရန်အတွက် ရဲအရာရှိ ၄၅၀၀၀ နှင့် အခြားဝန်ထမ်းများကို ဖြန့်ကြက်လုပ်ဆောင်လျက်ရှိပြီး နိုင်ငံတစ်ဝန်း လူပေါင်း ၁၃၁၁ ဦးခန့်ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ၎င်းတို့က ပြောသည်။ ဆန္ဒပြမှုအတွင်း မီးရှို့မှုပေါင်း ၂၅၀၀ ကျော်ရှိခဲ့ကြောင်း၊ အဆိုပါ မီးလောင်မှုများထဲတွင် အဆောက်အအုံ ၂၃၀ ခန့်နှင့် ကား ၁၃၀၀ ကျော် ပါဝင်ကြောင်း သိရသည်။

ဇူလိုင် ၁ ရက်က နန့်တဲ၌ ပြုလုပ်သော ဆယ်ကျော်သက်၏ ဈာပနအခမ်းအနား၌ လူအများအပြား လာရောက်ခဲ့ကြသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**



ပြင်သစ်နိုင်ငံ၌ အဓိကရုဏ်းဖြစ်ပွားမှုအတွင်း မီးလောင်မှုများကို ဇူလိုင် ၁ ရက်က တွေ့ရစဉ်။

## ဇွန်လအတွင်း အီရတ်က ရေနံစည်ပေါင်း သန်း ၁၀၀ ကျော် တင်ပို့နိုင်ခဲ့

**ဘဂ္ဂဒက် ဇူလိုင် ၂**

အီရတ်နိုင်ငံသည် ဇွန်လအတွင်း ရေနံစည်ပေါင်း ၁၀၀ ဒသမ ၅၉ သန်းကျော်ကို ပြည်ပသို့ တင်ပို့နိုင်ခဲ့သည်ဟု ရေနံဝန်ကြီးဌာနက ဇူလိုင် ၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ရေနံတင်ပို့မှုကြောင့် အခွန်ငွေ ၇ ဒသမ ၁ ဘီလီယံရရှိခဲ့သည်ဟု အဆိုပါဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ဇွန်လအတွင်း ပျမ်းမျှ ရေနံစိမ်းဈေးနှုန်းမှာ တစ်စည်လျှင် ၇၁ ဒသမ ၁ ဒေါ်လာဟု ဖော်ပြခဲ့သည်။ နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းရှိရေနံတွင်းများမှ ရေနံစည်ပေါင်း ၉၈ ဒသမ ၇၂ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့သည်။ မြောက်ပိုင်းပြည်နယ်မှ ရေနံစည်ပေါင်းတစ်သန်း တင်ပို့နိုင်ခဲ့သည်။ အီရတ်နိုင်ငံ၏ အဓိကစီးပွားရေးမှာ ရေနံတင်ပို့မှုတွင် အဓိကမှီခိုနေပြီး နိုင်ငံ၏ အခွန်ငွေ ၉၀ ရာခိုင်နှုန်းမှာ ရေနံမှ ရရှိခြင်းဖြစ်သည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်၌ ဖြစ်ပွားခဲ့သည့် ကြောက်မက်ဖွယ်ရထားတိုက်မှုကို စုံစမ်းစစ်ဆေးဆဲ

**နယူးဒေလီ ဇူလိုင် ၂**

အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တွင် လွန်ခဲ့သည့် တစ်လခန့်က ဖြစ်ပွားခဲ့သည့် ကြောက်မက်ဖွယ် ရထားတိုက်မှုဖြစ်ပွားရသည့်အကြောင်းကို အိန္ဒိယမီးရထားအာဏာပိုင်များက စုံစမ်းစစ်ဆေးဆဲဖြစ်သည်။ ဇွန် ၂ ရက်က တောင်ပိုင်းမြို့ဖြစ်သည့် ချန်နိုင်းမြို့မှ ထွက်ခွာလာသည့် အမြန်ရထားသည် လမ်းကြောင်းမှားကာ ကုန်တင်ရထားနှင့်တိုက်မိခဲ့သည်။

လမ်းချော်လာသည့် ကုန်တင်တွဲများသည်အခြားသော အမြန်ရထားကို တိုက်မိပြန်သည်။ ယင်းကဲ့သို့ ရထားများ တိုက်မိမှုဖြစ်ပွားမှုကြောင့် လူပေါင်း ၂၉၀ ကျော် သေဆုံးခဲ့ပြီး ၁၀၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ တွဲများကို ပြန်လည်ပြုပြင်ပြီးနောက် ပြေးဆွဲမှုများပြန်လည်စတင်လျက်ရှိသည်။ အပြောင်းအလဲတစ်ခုကြောင့် အချက်ပြမှုနှင့် သံလမ်းကူးပြောင်းသည့်စနစ်တွင် အမှားအယွင်းများ ဖြစ်ပေါ်ခဲ့ကြောင်း ရည်ညွှန်းလျက်ရှိသော်လည်း အသေးစိတ်အချက်အလက်များကိုမူ အာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိချေ။

စုံစမ်းစစ်ဆေးမှုရလဒ်များကို မတော်တဆမှု စစ်ဆေးရေးအဖွဲ့က ပြုစုထားသော်လည်း အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးချေ။ ပေါ့လျော့မှုအတွက် လူသေမှုများ ဖြစ်ပေါ်စေသည်ဟုဆိုကာ တရားစွဲဆိုသွားရန် စုံစမ်းစစ်ဆေးသူများက စဉ်းစားထားကြသည်။

**အင်န်အိတ်ချ်ကေ**

## တရုတ်အလယ်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်း လူပေါင်း ၇၀၀၀ နီးပါး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**ချန်ဆာ ဇူလိုင် ၂**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် လူပေါင်း ၅၀၀၀၀ ကျော် ရေဘေးသင့်ကာ ၇၀၀၀ နီးပါး ဘေးလွတ်ရာ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

ဇွန် ၂၉ ရက်ကတည်းက ဟူနန်ပြည်နယ်ဒေသ အနှံ့အပြားတွင် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားခဲ့ရာ ရှန်းရှီးကျူးကျိယာနှင့် မီအောကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှာ မိုးရာသီနောက်ပိုင်း ပြင်းထန်သော မိုးသည်းထန်စွာရွာသွန်းမှုနှင့် ကြုံတွေ့ခဲ့ရကြောင်း ဇူလိုင် ၁ ရက်က ဟူနန်ပြည်နယ် ရေကြီးမှုနှင့် မိုးခေါင်မှုထိန်းချုပ်ရေးဗဟိုဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ရှန်းရှီးကျူးကျိယာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကောက်ပဲသီးနှံ ၂၈၈၇ ဟက်တာကျော် ထိခိုက်ပျက်စီးခဲ့သည့်အပြင် နေအိမ် ၁၃၀၀ ကျော်လည်း ပျက်စီးမှု ဖြစ်ပွားခဲ့သည်။ မိုးလေဝသမှတ်တမ်းများ စတင် ကောက်ယူသည့်နောက်ပိုင်း ဟူနန်ပြည်နယ်တွင် တစ်နာရီလျှင် အမြင့်ဆုံး မိုးရွာသွန်းမှု ၁၃၇ ဒသမ ၄ မီလီမီတာဖြင့် မှတ်တမ်းဝင်ခဲ့ကြောင်း ဒေသန္တရမိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## စိုက်ပျိုးပြီးသစ်ပင်များကို တစ်ဦးချင်းစီက အသိစိတ်ဓာတ်ရှိစွာဖြင့် ထိန်းသိမ်းပြုစုစောင့်ရှောက်ရန်လို

ဘားအံ ဇူလိုင် ၂

ဂေဟစနစ်ထိန်းသိမ်းခြင်း လုပ်ငန်းများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ကရင်ပြည်နယ်အတွင်း၌လည်း ၂၀၂၃ ခုနှစ် မိုးရာသီတွင် အပင်ပေါင်း ၃၅၇၁၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ရာ ယနေ့နံနက်ပိုင်းက ဘားအံမြို့ တောင်ကလေး တိုးချဲ့ကွက်သစ်ရှိ အစိုးရစက်မှုလက်မှု သိပ္ပံ(ဘားအံ)၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲ ကျင်းပသည်။

**စနစ်တကျရွေးချယ်စိုက်ပျိုး**

သစ်ပင်စိုက်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သစ်ပင်များစိုက်ပျိုးရာတွင် ရေ၊ မြေ၊ ရာသီဥတု၊ ဒေသနှင့်ကိုက်ညီသော သစ်မျိုးများ၊ လေပြင်းမုန်တိုင်းတိုက်ခတ်မှုဒဏ် ခံနိုင်သောအပင်မျိုးများ၊ ကြီးမြန်သစ်မျိုးများ၊ ရေရှည်တွင် မြို့ပြဖွံ့ဖြိုးမှုကို ထိခိုက်မှုမရှိစေနိုင်သည့်သစ်မျိုးများ၊ ရတနာ တန်းဝင်အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက်ဖူးပွင့်သော သစ်မျိုးများ၊ မျက်စိပသာဒဖြစ်စေသည့်သစ်မျိုးများ၊ အရိပ်ကောင်းစွာပေးစွမ်းနိုင်သည့်သစ်မျိုးများကို စိုက်ပျိုးလိုသည့် နေရာနှင့်သင့်လျော်စေရန် စနစ်တကျရွေးချယ်ကာ စိုက်ပျိုးကြရန်လိုအပ်ကြောင်း၊ စိုက်ပျိုးပြီး သစ်ပင်များကို တစ်ဦးချင်းစီက အသိစိတ်ဓာတ်ရှိစွာဖြင့် ထိန်းသိမ်းပြုစု



စောင့်ရှောက်ရန် လိုသကဲ့သို့ အစုအဖွဲ့အလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြဒေသအလိုက်လည်း ထိန်းသိမ်းရန်လိုအပ်ကြောင်း ပြောကြားသည်။

**သစ်မျိုး ၁၂ မျိုးစိုက်ပျိုး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရစက်မှုလက်မှုအထက်တန်းကျောင်း(ဘားအံ)မှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများက ကျွန်း၊ ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ ပုန်းညက်၊ မန်ကျည်းရှား၊ စိန်ပန်း၊ မဲဇလီ၊ ငုရွှေဝါ၊ ရေတမာ၊ ရွှေသပြေ၊ ခရေ စသည့် သစ်မျိုး ၁၂ မျိုး (အပင်ပေါင်း ၇၃၃ ပင်) ကို စိုက်ပျိုးကြသည်။

ထိုသို့ စိုက်ပျိုးနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြပြီး ပြည်နယ်အတွင်း မိုးရာသီအကြိုသစ်ပင်စိုက်ပွဲကို ပြည်နယ်အဆင့်တစ်ကြိမ်၊ ခရိုင်အဆင့်တစ်ကြိမ်ဖြင့် အပင်ပေါင်း ၆၂၈ ပင်၊ မိုးရာသီသစ်ပင်စိုက်ပွဲကို ပြည်နယ်အဆင့်နှစ်ကြိမ်၊ မြို့နယ်အဆင့်သုံးကြိမ်ဖြင့် အပင်ပေါင်း ၂၃၅၉ ပင် စုစုပေါင်း ၂၉၈၇ ပင်ကို ဌာနဆိုင်ရာများနှင့် ပြည်သူများစုပေါင်း၍ စိုက်ပျိုးဆောင်ရွက်ခဲ့ကာ သစ်ပင်စိုက်ပျိုးနိုင်သည့်နေရာမှန်သမျှ သင့်လျော်သော သစ်ပင်များစိုက်ပျိုးနိုင်ရေး သစ်တောဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ဝိုင်းဝန်းပူးပေါင်း စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အနားယူအပန်းဖြေနိုင်ရေး**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် ဘားအံမြို့နယ် လှာကမြင်ကျေးရွာအုပ်စု ရသဝေါရွာအနီးရှိ ရသဝေါအင်းတွင် အမြင့် ၁၃ ပေ၊ အလျား ပေ ၁၂၀၀ ရှိ မြေသားတမံဆောင်ရွက်ပြီးစီးခြင်းနှင့် ရေတံခါးနှစ်ပေါက် တည်ဆောက်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှု စစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာန ညွှန်ကြားရေးမှူးဦးသန်းဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ အများပြည်သူများအတွက် သောက်သုံးရေနှင့် အနားယူအပန်းဖြေနိုင်ရေး ရသဝေါအင်းပတ်လမ်း ထည့်သွင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျူဖောင်းကျေးရွာနေ စောမြတ်သန်းနှင့် စောလင်းထူးတို့သည် ၎င်းတို့ အသုံးပြုသည့် “Saw Myat Than” Facebook အကောင့်၊ “Saw Lin Htoo” Facebook အကောင့်တို့ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးရာသီ ပုဂံရဲ့ နေဝင်ဆည်းဆာအလှ



မိုးရာသီကာလတွင် မြင်တွေ့ရသော ပုဂံဒေသ၏ ရှုခင်းအလှများ။

**ယဉ်လာဒ်**

**ဓာတ်ပုံ-ကိုကြီးကျော်**

မိုး ရာသီရဲ့ပုဂံအလှဟာ ကြည့်လေရာတိုင်းမှာ လတ်ဆတ်နေသလို မပြောင်းလဲတဲ့အလှတရားတွေ တည်ရှိနေတာကလည်း ပုဂံမြေပါပဲလို့ ဆိုချင်ပါတယ်။ ပုဂံကို အများအားဖြင့်ကတော့ ပွင့်လင်းရာသီတွေမှာ သွားကြတာများပေမယ့် ခရီးသွား Trend ပြောင်းလဲပြီးတဲ့နောက်ပိုင်း ကာလတွေမှာ မိုးရာသီမှာ ပုဂံကိုသွားလာကြတာ ခပ်စိပ်စိပ် တွေ့လာခဲ့ရပါပြီ။

**မိုးရာသီမှာတွေ့မြင်ရတဲ့ ပုဂံရဲ့ အလှတရားတွေ**

တကယ်ပဲ မိုးရာသီဟာ ပုဂံကို ပိုပြီးသက်ဝင်စေပါတယ်။ စိမ်းစိုနေတဲ့သစ်ရွက်တွေ၊ လေတိုက်ရာလွင့်မျောနေတဲ့ တိမ်စိုင်ခဲတွေ၊ အရာအားလုံးဟာ မိုးရာသီမှာတွေ့မြင်ရတဲ့ ပုဂံရဲ့ အလှတရားတွေလို့ ဆိုချင်ပါတယ်။

ပုဂံကို တချို့က ဘုရားဖူး၊ တချို့က အလည်၊ တချို့က အနားယူအပန်းဖြေကြတဲ့ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ လာရောက်ကြပေမယ့်ဘုရားဖူးအများဆုံးလုပ်လေ့ရှိတာကတော့ ဓာတ်ပုံမှတ်တမ်းတင်ခြင်းပါပဲ။ ပုဂံမြေမှာ ဘုရားပေါင်းမြောက်မြားစွာကို တစ်နေရာတည်းကနေ ဖူးမြော်တွေ့ရတာဟာ တုန္ှိုင်းမဲ့အလှမျိုးလို့ ဆိုနိုင်ပါတယ်။

**ပုဂံရဲ့ဆွဲဆောင်မှုတစ်ခု**

မြေသင်းနံ့တွေ ထုံမွှမ်းနေတဲ့ ပုဂံမြေရဲ့ လေဟာလည်း တစ်မျိုးတစ်ဘာသာ ဆွဲဆောင်နေဆဲပါ။ မိုးရာသီဆိုရင်တော့ ပုဂံကပိုလှပါတယ်။ ရာသီဥတုအပေါ်မူတည်ပြီး တစ်မျိုးစီလှကြပါတယ်လို့ ဒေသခံတချို့က ဆိုပါတယ်။ ပုဂံကိုရောက်ပြီဆိုရင် အများစုဟာ ဘုရားဖူးပြီးတာနဲ့ဓာတ်ပုံရိုက်၊ အဲဒီနောက်မှာ နေဝင်ဆည်းဆာအလှကို တခုတ်တရ သွားကြည့်ကြတာဟာ ပုဂံရဲ့ဆွဲဆောင်မှုတစ်ခုလို့ စာရေးသူ ဆိုချင်ပါတယ်။

ဟိုးအရင်ကာလတွေမှာတော့ နေဝင်ဆည်းဆာအလှကို ရွှေဆံတော်ဘုရားပေါ်ကနေ မကြည့်ဖြစ်လိုက်ဖူးရင် ပုဂံကိုရောက်တာဟာ ရောက်ရကျိုးမနပ်ဘူးလို့ဆိုရမှာပါပဲ။ ဒါပေမယ့်လည်း ဒီလိုဘုရားတွေပေါ်ကနေ နေဝင်ဆည်းဆာအလှတွေကို မကြည့်ရတော့ပါဘူး။ နေဝင်ဆည်းဆာအလှတွေကို သီးသန့်ကြည့်ရတဲ့ ရှုခင်းကြည့်တောင်ကုန်းငယ်တွေကပဲ ပုဂံရဲ့နေထွက်ချိန်၊ နေဝင်ချိန်ဆည်းဆာကို ကြည့်ရပါတော့တယ်။

> **“ဟိုးအရင်ကာလတွေမှာတော့ နေဝင်ဆည်းဆာအလှကို ရွှေဆံတော်ဘုရားပေါ်ကနေ မကြည့်ဖြစ်လိုက်ဖူးရင် ပုဂံကို ရောက်တာဟာ ရောက်ရကျိုးမနပ်ဘူးလို့ဆိုရမှာပါပဲ။ ဒါပေမယ့်လည်း ဒီလိုဘုရားတွေပေါ်ကနေ နေဝင်ဆည်းဆာအလှတွေကို မကြည့်ရတော့ပါဘူး။ နေဝင်ဆည်းဆာအလှတွေကို သီးသန့်ကြည့်ရတဲ့ ရှုခင်းကြည့်တောင်ကုန်းငယ်တွေကပဲ ပုဂံရဲ့နေထွက်ချိန်၊ နေဝင်ချိန်ဆည်းဆာကို ကြည့်ရပါတော့တယ်”**

လက်ရှိအနေအထားမှာ ဘုရားဖူးတွေ အများဆုံးလာရောက်ကြတာကတော့ စူဠာမဏိရှုခင်းကြည့်ကုန်းပေါ်ကနေကြည့်ကြတာဟာ ပိုပြီးများလာတာကို တွေ့ရပါတယ်လို့ ပုဂံဒေသခံတစ်ဦးက စာရေးသူကို ပြောပြပါတယ်။ တချို့ဓာတ်ပုံဆရာတွေကတော့ ပုဂံရဲ့ နေဝင်တဲ့ပုံ အနေအထားပေါ်မူတည်ပြီး ရှုခင်းကြည့်ကုန်းတွေပေါ်ကနေ ဓာတ်ပုံရိုက်ကြလေ့ရှိတယ်လို့ ဆိုပါတယ်။

မိုးရာသီကာလမှာ ပုဂံကို ဘုရားဖူးတွေ ပိုလာဖို့ကိုလည်း ပုဂံအခြေစိုက်ဟိုတယ်တွေက အထူးလျှော့ဈေးတွေနဲ့ ဆွဲဆောင်လာကြပါတယ်။ ပုဂံကိုလာရောက်ကြတဲ့ ခရီးသွားဧည့်သည်တော်တော်များများကတော့ ဘုရားဖူးပြီးရင် ပုဂံရဲ့နေထွက်ချိန်၊ နေဝင်ချိန်ကို စေတီပုထိုးများပေါ်ကနေ ခံစားကြည့်ရှုချင်တဲ့အတွက်လည်း ပုဂံကို သွားရောက်ကြပါတယ်။ ဒီလို အလှတရားတွေကို ကြည့်ရှုနိုင်စေဖို့ ပုဂံမြေကို မိုးရာသီကာလမှာ မရောက်ဖူးသေးရင် သွားရောက်အပန်းဖြေလည်ပတ်နိုင်စေဖို့ ရေးသားဖော်ပြလိုက်ရပါတယ်။ ။



နေဝင်ချိန်ရှုခင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်နေသော နိုင်ငံခြားခရီးသွားများ။



ဓမ္မရံကြီးစေတီတော်နှင့်အတူ တွေ့မြင်ရသော နေဝင်ချိန်ရှုခင်း။

## ပြစ်မျိုးမဲ့မထင်

✳ ကုဋေတစ်သန်း ခြေတစ်လှမ်းဟု
ထုံးတမ်းစဉ်လာ ဆိုစရာကား
မျိုးမှာမြင့်မြတ် တင့်တယ်အပ်သည့်
စိတ်ဓာတ်ခိုင်ဖြိုး ပြစ်မျိုးမဲ့မထင်
ရုပ်သွင်ခံ့ညား ခမ်းနားထည်ဝါ
မြန်မာအမျိုးသမီး ရှုမငြီးတွက်
စီလျက်ရေးကုံး ဆိုထုံးရှိခဲ့။

✳ ထိုမှတစ်ဖန် ရှုကြည့်ပြန်က
လေးဝတော်ဝင် သမိုင်းတွင်သည်
မဒီသမ္မု စင်ဖြူကြည်ကြည်
ကိန္နရီပါ အမရာဟု
တွင်ကာမငြီး နတ်သမီးတမျှ
မိန်းမလှအပေါင်း ရှိခဲ့ညောင်းဟု
ရှေးဟောင်းစကားဆိုခဲ့ပြီ။

✳ သို့သော်သို့သော်
အပျော်မကျွံ ခေတ်လွန်ရှေ့ပြေး
ယဉ်ကျေးမှုကျော် အဖော်အချွတ်
စည်းလွတ်ဝါးပြေ မနေပါနှင့်။

✳ ဩော်...
ခေတ်မီလှပ ယဉ်ကျေးစွတည့်
ချီးကျူးဖက်ရှင် ခံ့မင်မြတ်နိုး
တန်ဖိုးထားတတ် မိန်းမမြတ်တို့
သိအပ်စေရာ ဉာဏ်ကဗျာဖြင့်
စီကာရေးပြ နှလုံးလှစေ
မြန်မာ့အမျိုးသမီး ရှုမငြီး
မျိုးဂုဏ်စောင့်စည်း ဂုဏ်ရှိန်ကြီး။ ။

**ဘိုမျိုး(ရွှေဘို)**

## မိုးညှင်းမြို့၌ အခြေခံစားသောက်ကုန်များ သက်သာသောနှုန်းဖြင့် ရောင်းချပေး

**မိုးညှင်း ဇူလိုင် ၂**

(၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် သမဝါယမဦးစီးဌာနရုံးတွင် အခြေခံစားသောက်ကုန်များအား သက်သာသောဈေးနှုန်းဖြင့် ယမန်နေ့က ရောင်းချပေးလျက်ရှိသည်။

အခြေခံ စားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် ကြက်သွန်နီတို့ကို ဈေးနှုန်းသက်သာစွာဖြင့် သမဝါယမအသင်းသား အသင်းသူများနှင့် ဒေသခံပြည်သူများကို ရောင်းချပေးလျက်ရှိရာ ဆန်ငါးပြည်အိတ်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ်၁၅၅၀၀ နှုန်းဖြင့် လည်းကောင်း၊ ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့်လည်းကောင်း ရောင်းချပေးကြရာ ပြည်သူများနှင့်ဝန်ထမ်းများက ပျော်ရွှင်စွာ လာရောက်ဝယ်ယူကြကြောင်း မြို့နယ်သမဝါယမဦးစီးဌာနရုံးမှ သိရသည်။

**သတင်းစဉ်**



## ရသေ့တောင်မြို့နယ်၌ ပြန်လည်ထူထောင်ရေးအတွက် ဓာတ်မီးတိုင်များအား သက်ဆိုင်ရာကျေးရွာများသို့ ပေးပို့



**ရသေ့တောင် ဇူလိုင် ၂**

ရသေ့တောင်မြို့နယ် ကျေးရွာများ၌ မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့်ပျက်စီးကျိုးပြတ်သွားသော ဓာတ်မီးတိုင်များအတွက် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန်ပထမအကြိမ်အဖြစ် ဓာတ်မီးတိုင် ၉၃ လုံးသည် ယနေ့ မွန်းလွဲပိုင်းက ရေဘဝဲ – ၄ ရေယာဉ်ဖြင့် ငလပြားဆိပ်ကမ်းသို့ ရောက်ရှိသည်။

အဆိုပါ ရောက်ရှိလာသော ဓာတ်မီးတိုင်များအား မြို့နယ်လျှပ်စစ်မှူး ဦးအောင်ကျော်သန်းနှင့် ဝန်ထမ်းများက ကရိန်းယာဉ်များဖြင့် ရသေ့တောင်မြို့နယ် မူစဲကျွန်းကျေးရွာအုပ်စုအတွက် သယ်ယူဆောင်ရွက်ခဲ့ကြရာ ရွာသူရွာသားများက ပါဝင်ကူညီဆောင်ရွက်ကြသည်။ ရသေ့တောင်မြို့တွင် မိုခါမုန်တိုင်းကြောင့် တစ်မြို့နယ်လုံးနီးပါး ထိခိုက်ပျက်စီးခဲ့ရာ လျှပ်စစ်ဓာတ်တိုင်များ ပြိုလဲခြင်း၊ ထရန်စဖော်မာများ ပျက်စီးခြင်း၊ ဓာတ်ကြိုးလိုင်းများ ပြတ်ကျခြင်းကို ရှင်းလင်းဆောင်ရွက်ပြီး တစ်မြို့နယ်လုံးလျှပ်စစ်ဓာတ်အားများ ပုံမှန်ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်တာဝန်ခံထံမှ သိရှိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မူဆယ်(၁၀၅)မိုင်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်

**မူဆယ် ဇူလိုင် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ် (၁၀၅)မိုင်တွင် ဇူလိုင် ၂ ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်သည်။

ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများကို မူဆယ်မြို့ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေးကွန်ရက်၊ ကမ်းလက်ကူညီ ပရဟိတအသင်း ဥက္ကဋ္ဌ ဦးဝင်းဌေးနှင့် အသင်းသားအသင်းသူများ၊ မိုင်းယု(၁၀၅)မိုင်ကျေးရွာအတွင်းရှိ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ဘုန်းကြီးကျောင်းများနှင့် သီလရှင်ဆရာလေးကျောင်းများ၊ မေတ္တာစံအိမ်ပရဟိတဂေဟာအပါအဝင် မိုင်းယု(၁၀၅)မိုင် အခြေခံပညာ အထက်တန်းကျောင်းနှင့်ဈေးဆိုင်ခန်းများ၊ အထက်နမ့်ပွယ်စာသင်ကျောင်းများတွင် ခြင်ဆေးဖျန်းပေးခြင်း၊ ရေတွင်း၊ ရေအိုင်များ၊ ရွှံ့အိုင်၊ ရေချောင်းနေရာများနှင့် ရေဝပ်နိုင်



သည့်နေရာများတွင် အဘိတ်ဆေးထည့်ခြင်း၊ ပိုးလောက်လမ်းများ ရှင်းလင်းပေးခြင်း၊ ချုံနွယ်များခုတ်ထွင်ပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန့်ဇင် (မူဆယ်)**

❖ *ကျောဖုံးမှ*

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်နှင့် ပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တံခွန်စိုက် ဒိုင်းဆုရရှိသည့် ဘီးလင်းမြို့နယ်အသင်းအား ဆုတံဆိပ်၊ တံခွန်စိုက် ဒိုင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

မွန်ပြည်နယ် အသက် ၁၉ နှစ်အောက် ၁၀ မြို့နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇွန် ၁၅ ရက်မှ ဇူလိုင် ၁ ရက်အထိ မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ ကျင်းပခဲ့ပြီး မွန်ပြည်နယ်အနေဖြင့် မျိုးဆက်သစ် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးနှင့်အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အားကစားနည်းအလိုက် ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဘိုကလေးမြို့နယ်တွင် ပလတ်စတစ် မသုံးစွဲရနေ့သတ်မှတ်ထားရှိမှု စစ်ဆေး

**ဘိုကလေး ဇူလိုင် ၂**

ဘိုကလေး မြို့နယ်အတွင်းရှိစည်ပင်သာယာရေးအဖွဲ့ကြီးကြပ်မှုအောက်ရှိ မြို့မဈေးအတွင်း ပလတ်စတစ် မသုံးစွဲရနေ့များတွင် အစားထိုးပစ္စည်းများဖြစ်သည့် ငှက်ပျောရွက်၊ အင်ဖက်နှင့် စက္ကူတို့ဖြင့် ထုပ်ပိုးရောင်းချနိုင်ရန် ညွှန်ကြားထားရှိသည်။

အဆိုပါ သတ်မှတ်ညွှန်ကြားမှုအား လိုက်နာဆောင်ရွက်မှု ရှိ/မရှိကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ ကြီးကြပ်မှုဖြင့် တာဝန်ရှိသူများက မြို့မဈေးတွင် ဇူလိုင် ၂ ရက်က လှည့်လည်စစ်ဆေးပြီး ပလတ်စတစ်သုံးစွဲမှုကြောင့် ဘေးထွက်ဆိုးကျိုးများကို ဈေးသူဈေးသားများ သိရှိနိုင်ရေး အသိပညာပေးသည်။ **မိုးစက်(ပြန်/ဆက်)**

## ချောက်မြို့နယ်၌ မိုးရာသီ တမာပျိုးပင်စိုက်ပျိုးပွဲ ကျင်းပ

**ချောက် ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၏ ၂၀၂၃ ခုနှစ် မိုးရာသီ တမာပျိုးပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ဘောလုံး



ကွင်းအတွင်း၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဌေးကျော်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများအလိုက် စိုက်ပျိုးရန်ပျိုးပင်များကို ခွဲဝေပေးအပ်သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဌေးကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာများတွင် တမာပင်များကို စိုက်ပျိုးပေးကြကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

❒ *ကျောဖုံးမှ*

လည်း အနိုင်ရလဒ်ကို မထိန်းထားနိုင်သဖြင့် သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရသည်။

ရောဝတီအသင်းသည် ရာဇာအောင်၊ ရန်ပိုင်စိုး၊ ရွှေကို၊ သီဟ၊ ရဲရင့်ဖြိုးတို့ဖြင့်ပွဲထွက်လာပြီး ရခိုင်ယူနိုက်တက် အသင်းကလည်း ဇော်ဇော်နိုင်၊ မောင်မောင်စိုး၊စိုးလွင်လွင်၊ ထရာအိုရေးတို့ဖြင့် လူစုံခဲ့သည်။ ၁၃ မိနစ်တွင် ညီညီအောင်က ရောဝတီအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသဖြင့် ရခိုင်ယူနိုက်တက်အသင်း တိုက်စစ်ဖွင့်ကစားလာပြီး ၂၈ မိနစ်တွင် ထရာအိုရေး၏ ပေးပို့မှုမှတစ်ဆင့် သန်းကျော်ဌေးက ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ သို့သော်၃၇ မိနစ်တွင် အောင်မင်းသူက အဝေးကန်ချက်ဖြင့် ရောဝတီအတွက် ဒုတိယဂိုး သွင်းယူပေးသည်။ ဒုတိယပိုင်း ၅၃ မိနစ်တွင် မောင်မောင်စိုးက ရခိုင်အတွက် ချေပဂိုး ပြန်သွင်းခဲ့သည်။ ယခုပွဲအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက ၁၁ပွဲကစား ၁၃ မှတ်၊ ရောဝတီအသင်း က ၁၁ ပွဲကစား ရှစ်မှတ်ရရှိထားသည်။

ပွဲစဉ် (၁၁) ဒုတိယနေ့ကို ဇူလိုင် ၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ဟံသာဝတီအသင်းနှင့် အား/ကာ သိပ္ပံအသင်း၊ သုဝဏ္ဏကွင်း၌ ကချင်ယူနိုက်တက် အသင်းနှင့် ဒဂုံစတားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ – MNL**

○ *ကျောဖုံးမှ*

ဖြစ်သည်။ နည်းပြ တန်ဟက်သည် ပြီးခဲ့သည့်နှစ်က ဆန်ချို၏ ခြေစွမ်းနှင့်ပတ်သက်ပြီး စိတ်ပျက်လျက်ရှိကာ အသင်းအနေဖြင့် အဆိုပါ ကစားသမားကို အငှားချခြင်းထက် အပြီးသတ်ရောင်းချလိုနေသည်။

ဆန်ချိုသည် အိုးထရက်ဖို့ဒ်သို့ ပြောင်းရွှေ့ပြီးနောက် လိဂ် ၅၅ ပွဲတွင် ကိုးဂိုးသာ သွင်းယူနိုင်ခဲ့ကာ ဒေါ့မွန်အသင်းတွင် ကစားစဉ်က ၁၀၄ ပွဲ ကစားပြီး ၃၈ ဂိုးအထိ သွင်းယူထားနိုင်သည်။ အိုးထရက်ဖို့ဒ်သို့ ချယ်ဆီးအသင်းမှ မေဆင်မောင့် ရောက်ရှိလာပါက ဆန်ချို၏ ပွဲထွက်ကစားခွင့်မှာ ဆက်လက်ပျောက်ဆုံးဖွယ်ရှိသည်။

အခြားသတင်းတစ်ရပ်တွင် အသက် ၂၀ အရွယ် ဒိန်းမတ်တိုက်စစ်ကစားသမား ရာမက်စ်ဂိုးလန်းကို ခေါ်ယူရန် ပေါင်သန်း ၃၀ ဖြင့် မန်ယူ၏ ကမ်းလှမ်းမှုကို အတ္တလန်တာက ပယ်ချလိုက်သည်။ **အောင်ဇော်**

## ပတ်စပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ချောင်းဖြူကျေးရွာအုပ်စု၊ ချောင်းဖြူကျေးရွာနေ အဖ ဦးစိုးတင့်၏သမီး ကျွန်မ မနန္ဒာစိုး (၈/ငဖန(နိုင်)၀၄၉၂၂၆) ၏ ယခင် နိုင်ငံကူးလက်မှတ်အမှတ် (MF-948319) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်း နံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၆၅၂ ၅၈၈ ၅၉၀

## ပတ်စပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပေကုန်းကျေးရွာအုပ်စု၊ ပေကုန်းကျေးရွာနေ အဖ ဦးဌေးလွင် ၏သား ကျွန်တော် မောင်အောင်ကြည်စိုး (၈/ငဖန(နိုင်)၀၄၇၈၀၇) ၏ ယခင် နိုင်ငံကူးလက်မှတ်အမှတ် (MF-948321) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၆၆၄ ၀၇၂ ၀၄၅

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉၅/အေ)၊ မြေကွက်အမှတ် (၄၀၉)ဟု ခေါ်တွင်သော မြေအကျယ်အဝန်း အလျားပေ ၁၀၀ x အနံ ပေ၁၂၀ရှိ မြေကွက်နှင့် ယင်းမြေကွက် နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထား ပိုင်ဆိုင်ရောင်းချ ပိုင်ခွင့်ရှိသူ ဦးသောင်းတင် ၁၂/မဂဒ(နိုင်)၁၃၀၅၄၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိသင်း ၁၄/ဟသတ(နိုင်)၂၇၅၀၆၆ က အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော် လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ တရားဝင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းထက်ဦး(LL.B) ဒေါ်ဝေမိုးသူ (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၀၈၇၄) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၅၂)
အမှတ် (၃၅/ခ )၊ ဗိုလ်တေဇလမ်း၊ နွယ်ခွေစံပြကျေးရွာ၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊Ph: 09-882511188, 09-421149768

## ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၂၇)လမ်း၊ အမှတ် (၂၀၆) အခန်းအမှတ် (၈)၊ ပထမထပ်၊ အကျယ် (၁၂½ x ပေ ၅၀) တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အများသိစေရန် ကြော်ငြာစာ

အထက်ဖော်ပြပါ တိုက်ခန်းကို ၁၅-၈-၂၀၂၁ရက်တွင် ကွယ်လွန်သွားသူ ဦးတင်အောင် ၁၂/ပဘတ(နိုင်) ၀၁၂၃၅၇ က ဒေါ်ဝင်းမင်းသိန်း ၈/မထန(နိုင်)၀၁၁၂၀၈ ကို ၁၄-၇-၂၀၁၈ နေ့စွဲဖြင့် မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း ကတိစာချုပ်ကိုချုပ်ဆို၍ လက်ရောက်ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ ဖြစ်သူကသာလျှင် ပိုင်ဆိုင်ခွင့်၊ စီမံပိုင်ခွင့်အပြည့်အဝရှိပါကြောင်းနှင့် အကယ်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ နှင့်တကွ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။.

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထိုက်ထိုက်စိုး (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၃၆၃၈)
အမှတ် (၁၁၁)၊ ပန်းလှိုင် (၃)လမ်း၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
၀၉-၄၂၁၀၈၇၈၄၉

## ပတ်စပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဇီးလုံးကျေးရွာနေ (ဘ) ဦးရွှေဝင်း ၏သား မောင်အောင်ဇော်လင်း ၈/မသန(နိုင်)၁၀၃၉၇၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA 239136) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph- 09 442 471 870

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်းပြားမြို့နယ်၊ သံကြိုးကျေးရွာနေ (ဘ)ဦးင/ခင်ချေ၏သား ဦးဖိုးလုံး ၁၁/မပန(နိုင်)၀၃၄၈၆၈ နှင့် ဦးအောင်သင်းမှာ တစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ်မှန်မှာ ၂၄-၁၂-၁၉၆၃ ဖြစ်ပါကြောင်း။။

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၁-၂)၊ ဦးပိုင်အမှတ်(၇၃)၊ မြေဧရိယာ (၀.၁၇၆)ဧကရှိ မြေကွက်သည် မူလက ဦးခန်းလှိုင်ရီ အမည်ဖြင့်ခရိုင်အမှုတွဲအမှတ် ၈၅၈/V ၁၉၉၀-၁၉၉၁ အရ(၃၀-၆-၂၀၂၀) ရက်အထိ နှစ် (၃၀) မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးခန်းလှိုင်ရီသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်း၏တစ်ဦးတည်းသောဇနီး ဒေါ်မိုင်ငင်း ၁/မကန(နိုင်) ၀၇၁၄၀၄ က ၂၅-၁၀-၂၀၂၂ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၈၅/၂၀၂၂)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ၉-၅-၂၀၂၃ ရက်စွဲပါ မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၂၂၅/၂၀၂၃)အရ မူလ မြေဧရိယာ(၀.၁၇၆)ဧကအနက်မှ မြောက်ဘက်ခြမ်းဧရိယာ(၀.၁၂၇)ဧကအား ဒေါ်နန်းမြ ၁/မကန(နိုင်) ၀၇၁၃၉၈ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်နန်းမြအမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်နေ့မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်( ၁၅/၁-၂)၊ ဦးပိုင်အမှတ်(၇၃)၊ မြေဧရိယာ (၀.၁၇၆)ဧကရှိ မြေကွက်သည် မူလက ဦးခန်းလှိုင်ရီ အမည်ဖြင့်ခရိုင်အမှုတွဲအမှတ် ၈၅၈/V ၁၉၉၀-၁၉၉၁ အရ (၃၀-၆-၂၀၂၀) ရက်အထိ နှစ် (၃၀) မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးခန်းလှိုင်ရီသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်း၏တစ်ဦးတည်းသောဇနီး ဒေါ်မိုင်ငင်း ၁/မကန(နိုင်)၀၇၁၄၀၄ က ၂၅-၁၀-၂၀၂၂ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၈၅/၂၀၂၂)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ၉-၅-၂၀၂၃ ရက်စွဲပါမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၂၂၆/၂၀၂၃) အရ မူလမြေဧရိယာ (၀.၁၇၆)ဧက အနက်မှ တောင်ဘက်ခြမ်းဧရိယာ(၀.၀၄၉)ဧကအား ဒေါ်နန်းလှထွေး ၁/မကန(နိုင်)၁၀၃၈၇၃ ထံသို့အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်နန်းလှထွေး အမည်ဖြင့်မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက် ပြည့်မြောက်သည့် ရက်နေ့အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ငုဝါလမ်း၊ မြေကွက်အမှတ်(၈၄၇)၊ မြေအကျယ်အဝန်းပေ (၄၀x၆၀)အနက်မှ တရားဝင်မခွဲစိတ်ရ သေးသော (ခေါင်းရင်းခြမ်း)၊ မြေကွက်အမှတ်(၈၄၉)နှင့် ကပ်လျက်ဘက်အခြမ်း၊ မြေအကျယ်အဝန်းပေ (၂၀ x ၆၀)ရှိနှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးကျော်ကျော်ဦး ၁၂/သဃက(နိုင်)၀၆၂၁၅၄ အမည်ဖြင့်အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ယဉ်ယဉ်ကြည်(LL.B) (စဉ်-၁၁၄၀၆) တရားလွှတ်တော်ရှေ့နေ
အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁


## မီးဘေးရှောင် မလောင်ခင်တား



ကသာမြို့တွင် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၁ ရက်က ပညာရေးဒီဂရီကောလိပ်ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့် ဌာနဆိုင်ရာများ၊ ဆရာဆရာမများနှင့် ကျောင်းသူကျောင်းသားများက အရိပ်ရ အပင်ပေါင်း ၅၅၀ ကို စိုက်ပျိုးကြစဉ်။ လူအောင်(ကသာ)

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။

မိုး/ဇလ

## ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (၂၆) ကြိမ်မြောက် ရွှေပညာဒါန (အခမဲ့) သင်တန်းဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ရွှေပညာဒါန(အခမဲ့) ရွှေအသိပညာပေးသင်တန်းအမှတ်စဉ် (၂၆) ဖွင့်လှစ်ပို့ချပွဲကို ဇူလိုင် ၂ ရက်က အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ ကျင်းပသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ကြပြီး သင်တန်းပထမနေ့တွင် ရွှေတူးဖော်ခြင်းဘာသာရပ်ကို ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်ကြားပို့ချကာ ရွှေအလေးချိန်နှင့် အရည်အသွေး စမ်းသပ်စစ်ဆေးခြင်းများကို စက်များဖြင့် လက်တွေ့သရုပ်ပြသသည်။

ရွှေပညာဒါန (အခမဲ့)ရွှေအသိပညာပေးသင်တန်းတွင် ကျွမ်းကျင်ပညာရှင်များက ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေဈေးကွက်ရောင်းဝယ်ခြင်း၊ ရွှေအပေါင်ခံခြင်း၊ သိပ်သည်းဆ၊ ရွှေပန်းထိမ်၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး၊ အသုံးချရွှေသင်္ချာ၊ ကျောက်မျက်ပညာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်းပညာရပ်တို့ကို သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ မျိုးမင်းသူရ


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၇-၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၂၅ ကျပ် | ၁၉၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၀၅ ကျပ် | ၂၀၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၄၅ ကျပ် | ၁၉၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၃၅ ကျပ် | ၂၀၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## မနက်ဖြန်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂ - မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၅၆၀၀ | ၁၅၉၆၀၀၀၀ |
| MCB | ၇၂၀၀ | ၇၂၀၀ | ၄၁ | ၂၉၅၂၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၂၆ | ၃၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၄၀၀ | ၂၄၀၀ | ၃၅၀ | ၈၄၀၀၀၀ |
| AHPC | ၄၉၀၀ | ၅၀၀၀ | ၁၇ | ၈၃၅၀၀ |

ညီညီ - စုစည်းသည်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၂၂) နေ ဒေါ်ခင်သန့်ဇင် ၁၂/မဂတ(နိုင်)၀၃၀၂၀၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၉)လမ်း (တောင်)၊ အမှတ်(၆၆၇)၊ (အလျားအရှေ့–၂၉ပေခွဲ၊ အနောက်–၂၃ပေ x အနံ ၇၂ပေ) ကျယ်ဝန်းသည့် မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက် အအုံအပါအဝင် အခြားအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း ဒေါ်စုစုမာ ၁၂/အစန(နိုင်)၀၁၁၇၉၁ မှ မိမိသည်တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ တစ်ဦးဖြစ်ကြောင်းနှင့် မြေကွက်အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြီး လွှဲပြောင်း ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဒေါ်ခင်သန့်ဇင် ၁၂/မဂတ(နိုင်)၀၃၀၂ ၀၀ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ် ဒေသကို ၂၉–၆–၂၀၂၃ရက်တွင် စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့် တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက် အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီသီအေး (LL.B (Q), D.I.L, C.B.L)**
**အထက်တန်းရှေ့နေ (စဉ်–၄၀၆၆၉)**
**အမှတ်(၆/ခ)၊ သင်္ဂဟလမ်း၊ (ဃ)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၃၁၇၆၀၃၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၂၉၆(က)၊ အလျား ပေ ၂၀ x အနံပေ ၆၀၊ (၀.၀၂၇၉ဧက)၊ စတုရန်းပေ ၁၂၀၀ အကျယ်အဝန်းရှိ မြေကွက်အပါ အဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးဟန်စိန် ထံမှ အရောင်းအဝယ်စာချုပ် စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည်ဟု ဝန်ခံကတိပြုသူ ဦးသန်းလှိုင် ၁၄/မအပ(နိုင်)၁၉၀၃၃၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်း အိခိုင် ၅/တဆန(နိုင်) ၁၃၀၆၀၁ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် ပတ်သတ်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသောတရားဝင် စာချုပ် စာတမ်းမူရင်းများနှင့်တကွ ယခု ကြော်ငြာပါသည်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းနိုင်စိုး(LL.B.)** | **ဦးသိန်းနိုင်စိုး(LL.B.)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၁၀၂၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၃၆၉၇)** |
| **ရေဦးကုန်းရပ်၊ ရေဦးမြို့၊** | **ရေဦးကုန်းရပ်၊ ရေဦးမြို့၊** |
| **ဖုန်း–၀၉–၄၀၀ ၅၂၄၀၈၅** | **ဖုန်း–၀၉–၂၅၄ ၉၂၈၅၉၈** |

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ အမှတ်(၁၈)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁/က)နေဒေါ်တင်မြင့် ၁၄/ငပတ(နိုင်)၁၂၅၃၃၂၏ သမီးဖြစ်သူ မနှင်းယုစံ ၁၂/ လသယ (နိုင်)၀၆၉၇၇၀ သည် မိခင်နှင့်အစ်ကိုများ၏ ဆိုဆုံးမစကားကိုနားမထောင်ဘဲ မိသားစုဂုဏ်သိက္ခာ ကျဆင်းစေရန် မိမိသဘောဆန္ဒအလျောက် ပြုမူနေသည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ကြောင်း နှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို မိခင်နှင့်အစ်ကိုများမှတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်တင်မြင့်** | **ဒေါ်နှင်းဝေအောင်(လိုင်စင်အမှတ်–၁၀၇၄၅)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **အမှတ်–၁၀၆၉(ခ)၊ အောင်ဇေယျလမ်း၊(၁၉)ရပ်ကွက်၊** |
| | **လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း– ၀၉–၄၂၅၂၉၂၉၂၃** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းကြည် ၁၂/အစန(နိုင်) ၀၂၁၂၆၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ် သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၊ လူနေ ရပ်ကွက်အမှတ်–နွယ်အေး၊ မြေကွက် အမှတ်–၄/က+ခ၊ (တစ်နည်းအားဖြင့်) ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ်–၄/က+ခ၊ အကျယ် (၂၅ပေ x ပေ၅၀)ရှိသည့် မြေနှင့်မြေပေါ်ရှိအဆောက်အအုံအား အမည်ပေါက် ဦးသိန်းငွေ(SKI–003204)နှင့်ဦးစိန်ထွေး (TKA–050656)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူဒေါ်ဝင်းကြည်မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရရှိခဲ့ပြီး ဝယ်ယူစဉ်ကတည်းက အဆိုပါမြေဂရန်မူရင်းအား လက်ရောက်ရရှိခဲ့ကာ အဆိုပါ မြေနှင့်အိမ်တွင် ယနေ့အချိန်ထိ နေထိုင်လျက်ရှိကြောင်း၊ ယခုအခါ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းကြည်သည် အဆိုပါမြေဂရန်မူရင်းအား အသိမ်းလွန်အထား မှားကာ ပျောက်ဆုံးနေပါသဖြင့် သက်ဆိုင်ရာရုံးဌာနများတွင် အဆိုပါမြေဂရန် မူရင်း ပြန်လည်လျှောက်ထားရယူမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်း များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အဆိုပါမြေဂရန်မူရင်းပြန်လည်လျှောက်ထားရယူခြင်းအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)** | **ဦးရဲမြင့်အောင်(LL.B)** |
| **(စဉ်–၁၂၉၈၆/၂၀၁၇)** | **(စဉ်–၄၁၇၀၃/၂၀၁၃)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **ဒေါ်တင်ဇာမျိုး(LL.B)** |
| | **(စဉ်–၄၅၂၆၅/၂၀၁၄)** |
| | **ဒေါ်လှဲ့လှဲ့ဝင်းထူး(LL.B)** |
| | **(စဉ်–၄၉၉၀၄/၂၀၁၈)** |
| | **(အထက်တန်းရှေ့နေများ)** |

**အမှတ်–၈၉၉/ပထမထပ်၊ မြင်တော်သာလမ်းမကြီး၊ ၄/မြောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၄၂၀၀၈၀၅၁၂၊ ၀၉–၇၃၁၆၇၈၁၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၆၉**

| | | |
|---|---|---|
| **ဒေါ်ချိုသဲ(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးအောင်ကိုကို)** | **နှင့်** | **ဦးရွှေလင်း** |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၊ (၅၀) ရပ်ကွက် ၊ ဒူးယား (၄)လမ်း ၊ အမှတ် (၃၉၁) နေ တရားပြိုင်ဦးရွှေလင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ်စာချုပ် ချုပ်၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင် ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ရက် (၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့် ကျော် ၁၁ ရက်နေ့) မွန်းမတည့်မီ ၁၁ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရ မည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ၊ ဇွန်လ ၃၀ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စမ်းသီတာအောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## အမည်မှန်

မြောက်ဦးမြို့နယ်၊ ကျောက်တွင်းကုန်း၊ ကျေးရွာနေ (ဘ) ဦးလူကြီးအောင် ၏သား၊ မောင်အောင်မြင့်စိုး ၁၁/မဥန(နိုင်)၁၆၈၃၃၁၏ အမည်မှန်မှာ မောင်အောင်မြတ်စိုး ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြောက်ဦးမြို့နယ်၊ ညောင်ပင်လှ အထက Grade–8 တန်းမှ မောင်အောင်ပိုင်ဟိန်း ၏ဖခင် ဦးသခ်ါကျော်၏ အမည်မှန်မှာ ဦးစိန်လှအောင် ၁၁/မဥန(နိုင်) ၀၇၄၄၄၉ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မြောက်ဦးမြို့နယ်၊ အကြီးတော်မ(၁)ရွာနေ (ဘ) ဦးမောင်နီထွန်း ၏သမီး၊ မဦးမြဆန်း ၁၁/မဥန(နိုင်)၁၅၉၈၆၁ (တက္ကသိုလ် ဝင်တန်းအောင်) ၏ မွေးသက္ကရာဇ်အမှန်မှာ ၆–၁–၂၀၀၄ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်းပြားမြို့နယ်၊ ပန်းမြောင်းကျေးရွာနေ (ဘ)ဦးဘော်ရော်တာ ၏သား ဦးရာမွန် ၁၁/မပန(နိုင်) ၀၆၉၁၃၇နှင့် ဦးဘထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရာမွန်(ခ)ဦးဘထွန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/58150, Zong Shen–110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနုဝင်း ၉/ပသက(နိုင်)၀၁၅၀၆၈ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/6018 ယာဉ်လက်ဝယ်ရှိသူ ဦးစန်း ၉/မနတ(နိုင်) ၀၇ ၅၉၉၂ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြင်းခြံ)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၁၄၆)၊ မြေကွက်အမှတ် (၁၆၁၉)၊ အကျယ်အဝန်းပေ (၄၀ x ၆၀)ရှိ ဦးချစ်သောင်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချ ပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးကျော်ကျော်လွင် ၁၂/သခန(နိုင်) ၀၀၁၀၃၄ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက် အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်–၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃–လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၉၅၆ ၈၃၃၇၈**

## ဖခင်အမည်မှန်

တောင်ကုတ်မြို့၊ အထက (၂)၊ မြို့မကျောင်း Grade–12 မှ မထက်ထက်မိုး၏ ဖခင် ဦးညီပု၏ အမည်မှန်မှာ ဦးသန်းနု ၁၁/တကန(နိုင်)၀၇၃၇၂၈ ဖြစ်ပါကြောင်း။

**ဦးသန်းနု ၁၁/တကန(နိုင်)၀၇၃၇၂၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ မြောင်းကြီးလမ်း၊ အမှတ်(၁၆)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အအုံ၏ (မြေညီထပ်/ခေါင်းရင်းခန်း) အကျယ်အဝန်း (၁၂.၅ပေ x ၅၇ပေ) ရှိသော လူနေတိုက်ခန်း၊ ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ထွေးရီ(ဘ)ဦးကြည်စိန် ၁၂/ကတတ(နိုင်)၀၁၉၀၇၇ က ရောင်းပိုင်ခွင့်ရှိသူဟုကတိကဝတ်ပြုသူ ဦးတင်မိုးဝင်း (ဘ) ဦးတင်ထွေး ၁၂/သခန(နိုင်)၁၂၆၈၀၁ ထံသို့ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းဖြစ်သောစရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များနှင့်အတူ ကျွန်ုပ်တို့ထံသို့ သတင်းစာတွင်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်အတည်ပြုဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** | | |
| **ဒေါ်ခင်ထွေးရီ** | **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |
| **၁၂/ကတတ(နိုင်)၀၁၉၀၇၇** | **ဦးအောင်မိုး(ကော့မှူး)** | **ဒေါ်သိမ့်သိမ့်ထွန်း** | **ဒေါ်ထက်ထက်အေးငြိမ်း** |
| | **(စဉ်–၈၂၃၇)** | **(စဉ်–၁၂၆၇၆)** | **(စဉ်–၅၀၀၈၇)** |

**ရုံး–အမှတ် (၇၅)၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ သုခမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉– ၄၄၄၅၅၅၁၆၂ ၊ ၀၉–၇၇၇၄၁၄၀၁၃၊ ၀၉–၄၅၉၀၀၀၇၁၁၊ ၀၉–၇၉၉၅၇၅၂၉၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ ဗိုလ်မှူးဗထူးလမ်း၊ မြေကွက်အမှတ် (၁၃၄၈)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးဌေးလွင် (၁၂/ဗဟန (နိုင်) ၀၁၇၀၄၈) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးဌေးလွင်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃/တိုးချဲ့)၊ နဝရတ်လမ်း၊ မြေကွက်အမှတ် (၂၂၃)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးတလုတ်ကြီး (ISN- ၃၂၄၆၁၉)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သစ်သစ်အောင် (၁၂/ရကန (နိုင်) ၀၀၇၉၀၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင် ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၄)ရပ်ကွက်၊ အမှတ်- (၂၀၅)၊ ပေအကျယ် (၄၀ x ၆၀) ရှိ ဦးသိန်းဟန် အမည်ပေါက် ပါမစ်မူရင်း မြေကွက်အား အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်သဥ္ဇာလင်း ၁၀/မလမ(နိုင်)၁၂၅၈၄၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီလာ ၁၂/ဒဂတ(နိုင်)၀၀၄၆၄၂ မှ ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်နီလာ ၁၂/ဒဂတ(နိုင်)၀၀၄၆၄၂** | **ဒေါ်သီဂီအေး (စဉ် – ၁၄၈၁၉) LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)** |
| | **အမှတ်(၇၆၂)၊ သုဇာတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊** |
| | **ဖုန်း–၀၉–၄၂၀၀၆၉၁၅၂** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ဟိုင်ဆင်ဒူးဝါးလမ်း၊ မြေကွက်အမှတ်(၇၆၄/က)၊ မြေအကျယ်အဝန်းပေ(၂၀ x ၆၀) ရှိမြေချပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါ အဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးမျိုးသန်းဝင်း ၁၂/ဗဟန(နိုင်)၀၃၄၉၂၉ အမည်ဖြင့်အမည်ပေါက်မှတ်သား တည်ရှိပြီး အမည်ပေါက်ထံမှ ဦးမျိုးဇော်ဦး ၁၂/ဥကတ(နိုင်)၁၅၀၇၈၂ သည် နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ် အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင် ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍အပြီး အပိုင်လွှဲပြောင်းရောင်းချ ရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်း အဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**(စဉ်–၁၁၄၀၆) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

